ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 21 July 2020 ၁၀၀၈၀

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော် အပါအဝင် သာသနဝံ့အာဇာနည် အရှင်သူမြတ် ၁၀၆ ပါးတို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော်အပါအဝင် သာသနဝံ့အာဇာနည် အရှင်သူမြတ် ၁၀၆ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊ (၇၂) ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝံ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသ(ကျောက်ပန်းတောင်းဆရာတော်)ထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

**မြတ်စွာဘုရားရှင် အမွေပေးခဲ့သော ဒေသနာအဆုံးအမတို့သည် ယနေ့ထက်တိုင် သန့်ရှင်းစင်ကြယ်စွာဖြင့် မူလအတိုင်း တည်ရှိနေခြင်းသည် သံဃာတော် အရှင်မြတ်တို့၏ ကျေးဇူးတရားပင်ဖြစ်**

စာမျက်နှာ » ၆

**ဖော်ထုတ်ထိန်းသိမ်းသင့်သည့် လုပ်ငန်းခွင်အလေ့အကျင့်များ**

စာမျက်နှာ » ၁၀

**အာရပ်စော်ဘွားများပြည်ထောင်စုက အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးဂြိုဟ်တုအား ဂျပန်ဒုံးယာဉ်ဖြင့် လွှတ်တင်**

စာမျက်နှာ » ၁၂

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ရောဂါဘယကင်းဝေး ပညာသင်ကြားပေး

အခြေခံပညာအထက်တန်းကျောင်းများ ယနေ့စတင်ဖွင့်လှစ်ပြီ ဖြစ်သည်။ အထက်တန်းကျောင်းသား ကျောင်းသူများ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စတင်၍ ပညာသင်ကြားနေကြပြီ။ ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခင်နှစ်များနှင့်မတူ ပညာသင်ကြား၊ သင်ယူမှုပုံစံများ ပြောင်းလဲသွားသည်။ ကူးစက်ရောဂါအရေးကြောင့် ပညာရေးမဝေးအောင် ဝိုင်းဝန်းကြိုးစားရတော့မည်ဖြစ်သည်။

ငယ်ရွယ်စဉ်ကာလ ပညာသင်ကြားကြသော လူငယ်လူရွယ်များအား "မီးဝေး ချိပ်မာ" သကဲ့သို့ ချိပ်သည်မီးနှင့်ဝေးသည့်အခါ မာသွားသည့် သဘောပြုပြင်ဖန်တီးမရ မဖြစ်ရအောင် ဆောင်ရွက်ပေးဖို့လိုမည်ဖြစ်သည်။ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ စာနှင့်ဝေးသည့်အခါ ပညာဉာဏ် နှေးကွေးမသွားစေရန် အဆက်မပြတ် ပညာသင်ကြားရေးကို ပြုလုပ်ပေးရန်လိုပေသည်။ ကိုဗစ်-၁၉ ကြောင့် ပညာသင်ကြားရေး၌ အခက်အခဲများရှိသော်ငြားလည်း ကျောင်းသားနှင့် ပညာမဝေးရအောင် ရသမျှ၊ ရှိသမျှ အခွင့်အရေးများကို အသုံးချ၍ ပညာဉာဏ်တိုးပွားလာအောင် ဝိုင်းဝန်းကြံဆောင်အားထုတ်ရမည် ဖြစ်သည်။

အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ မေလ ၂၂ ရက်နေ့က ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လမ်းညွှန်ချက်များကို ချမှတ်ပေးခဲ့ပါသည်။ ကျောင်းသား ကျောင်းသူနှင့် မိဘများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းတာဝန်ရှိသူများ ဆောင်ရွက်ရမည့်အပိုင်းဟူ၍ ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးမှ အထက်တန်းကျောင်းများ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပေသည်။

ယင်းအနေအထားအပေါ်မူတည်၍ ကျန်အလယ်တန်းနှင့် မူလတန်းကျောင်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ တစ်ဖက်က ကိုဗစ်-၁၉ ရောဂါဘေးအန္တရာယ် မဖြစ်ပွားအောင် ဂရုတစိုက်အလေးထား လိုက်နာဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကျောင်းများအပေါ်တွင်မူတည်၍ ရသမျှအချိန်ကာလအတွင်း ရသမျှပညာတို့ကို အပတ်တကုတ် သင်ကြားပို့ချ၊ လေ့လာဆည်းပူးကြရန် လိုပေမည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျောင်းမလာမီနှင့် ကျောင်းပို့၊ ကျောင်းဆင်းချိန်တွင် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များကို တိတိကျကျ အလေးထားဆောင်ရွက်ထားရန် လိုပေသည်။

ကျောင်းချိန်အတွင်း ပညာသင်ကြားမှုပုံစံ၊ မုန့်စား၊ ထမင်းစားနားချိန်၊ ကျောင်းဆင်းချိန်တို့တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ပေးရန်လိုပေသည်။ အဓိကအချက်မှာ ကျောင်းပြင်ပတွင် လူစုလူဝေးမဖြစ်အောင် သက်ဆိုင်ရာတို့က သတိပေးထိန်းကျောင်းပေးကြသည်ကို နားလည်မှုဖြင့် ပါဝင်ကူညီကြရန်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ပညာသင်ကြားရာ၌ အနှောင့်အယှက်အဟန့်အတား နည်းပါးစွာဖြင့် လွတ်လပ်စွာ ပညာသင်ကြားလိုကြသူများဖြစ်ရာ ကိုဗစ်-၁၉ ကာလအတွင်း၌ ကန့်သတ်ထားသော အချက်များ၊ လိုက်နာရမည့်အချက်များကို သဘောပေါက်နားလည်အောင် စည်းရုံးပညာပေးအသိပေး၍ ပါဝင်ဆောင်ရွက်တတ်လာအောင် အလေ့အကျင့်လုပ်ပေးကြရမည် ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူကလေးသူငယ်များ ပညာနှင့်ဝေးနေသည်မှာ လေး၊ ငါးလခန့် ကြာနေပြီဖြစ်သည်။ ငယ်ရွယ်သူကျောင်းသား ကျောင်းသူလေးများပညာနှင့် မဝေးအောင် ကြံဆောင်ဖန်တီးပေးမှသာလျှင် ကလေးငယ်များ လွင့်ပါးလေလွင့်နေခြင်းမရှိဘဲ အနာဂတ်တွင် တိုးတက်တောက်ပြောင်သော သားကောင်းသမီးမွန်များ ဖြစ်ပေလိမ့်မည်။ လက်ရှိကာလတွင် ကျောင်းသား ကျောင်းသူကလေးငယ်များအား ကျန်းမာရေးနှင့်ညီညွတ်သည့် လုံခြုံစိတ်ချမှုရှိသော ပတ်ဝန်းကျင်ကောင်းဖြစ်အောင် ကျောင်းသား၊ မိဘ၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြရပေမည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ပညာနှင့်မဝေးမှသာ တိုးတက်တောက်ပြောင်သော သားကောင်းရတနာများ နိုင်ငံအတွက် ပေါ်ထွန်းလာအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော ပညာရေးစိန်ခေါ်မှုများကို မိဘ၊ ဆရာ၊ ကျောင်းသားနှင့် သက်ဆိုင်ရာတို့ အားလုံးပူးပေါင်းလက်တွဲ၍ ကျော်လွှားကြကာ ပညာပြည့်ဝနှလုံးလှသည့် အမြော်အမြင်ရှိသော မျိုးဆက်သစ်များဖြစ်အောင် စဉ်ဆက်မပြတ် ပညာသင်ကြား လေ့လာလိုက်စားနေကြရမည် ဖြစ်ပါကြောင်း။ ။

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီ မှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ပဉ္စမနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၃၅၀၀၁ ပါးအနက် ၂၆၉၆၃ ပါး ဖြေဆိုကြပြီး ၇၇ ဒသမ ၀၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ကော့သောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ အခြေခံစားကုန်များ ဆက်ကပ်လှူဒါန်း

**ကော့သောင်း ဇူလိုင် ၂၀**
ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း ဆွမ်းကိစ္စများ တစ်ဖက်တစ်လမ်းမှ အဆင်ပြေကြစေရေး ကာလဒါနသံဃိကအလှူတော်အဖြစ် အခြေခံစားကုန်များအား ကော့သောင်းမြို့ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် သံသယာအေးကျောင်း၌ ယမန်နေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကော့သောင်းမြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများထံ လှူဒါန်းဆက်ကပ်ခဲ့ကြောင်း သိရသည်။



**လောင်းလှူ**

အခမ်းအနားတွင် နိဗ္ဗာန်အေးပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏက ကာလဒါနသံဃိကအလှူတော်ပြုလုပ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းမိန့်ကြားကာ ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပါမောက္ခက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ကာလဒါနသံဃိက အလှူတော်အဖြစ် အခြေခံစားကုန်ဆွမ်းခြောက်များကို သံဃာတော်များအား အလှူရှင်များက လောင်းလှူကြသည်။

**ကာလဒါနအလှူ**

လှူဒါန်းမှုတွင် မြို့မိမြို့ဖ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့ကြသည့် ဆေးဝါးများအပါအဝင် ဆန်၊ ဆီနှင့် အခြေခံစားကုန်ပစ္စည်းများအား ကော့သောင်းမြို့ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင် တာဝန်ရှိသူများ က စာရင်းပြုစု စုဆောင်းကာ အလှူပစ္စည်းများအား ကျောင်းရှိသံဃာဦးရေအလိုက် ရရှိနိုင်မည့် အလှူပစ္စည်းများအဖြစ် စနစ်တကျ ခွဲတမ်းချစီစဉ်လျက် ကော့သောင်းမြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၁၁ ကျောင်းမှ သံဃာတော်များအား ကာလဒါနသံဃိကအလှူတော်အဖြစ် ဆက်ကပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# (၂၆)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်

**နေပြည်တော် ဇူလိုင် ၂၀**
စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၂၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ဩဂုတ် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို လာရောက် သွေးလှူဒါန်းနိုင်သည်။ သွေးလှူရှင်များအား သွေးလှူဘဏ်က ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက အမှတ်တရလက်ဆောင် ခေါက်ထီး၊ လက်ဆွဲအိတ်ငယ်၊ လက်သန့်ဆေးရည်၊ Cotton Mask တို့ဖြင့် ပံ့ပိုး ဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း-၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၆၉၅၁၃၅၁၅ တို့သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဒ္ဓဇဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ဒွေ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒသိရီထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



မုံရွာမြို့ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်မှ ဝိသိဋ္ဌဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒဇောတိထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

❖ ရွှေဖုံးမှ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဒ္ဓဇဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ဒွေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာ ဘိဝံသက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ သာရဏီယ သြဝါဒကထာကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်များကို စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် (၇၂)ကြိမ်မြောက် တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဒ္ဓအာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များဆက်ကပ်ကြရာ တိပိဋကရေတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပိဋကတ်နှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ တစ်ပါး၊ ပိဋကတ် နှစ်ပုံအောင် ဒီဃနိကာယကောဝိဒဘွဲ့ရ နှစ်ပါး၊ ပိဋကတ်နှစ်ပုံ အာဂုံအောင် ဒီဃဘာဏကဘွဲ့ရ လေးပါး၊ ပိဋကတ်တစ်ပုံ **စာမျက်နှာ ၄ သို့** ❑



စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်ဇနိန္ဒထံ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။

❑ စာမျက်နှာ ၃ မှ

ရေးဖြေအောင် ဝိနယကောဝိဒဘွဲ့ရ ငါးပါး၊ ပိဋကတ် တစ်ပုံ အာဂုံအောင် ဝိနယဓရဘွဲ့ရ ၂၄ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ ကိုးပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ ၆၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနှင့် ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နှစ်စဉ်မပျက်**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရာ၌ ပိဋကသုံးပုံ အာဂုံဆောင်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ရာ စတင်ကျင်းပသည့်နှစ်မှ ယခုနှစ် (၇၂) ကြိမ်မြောက်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့သည်။

ကျင်းပပြီးစီးခဲ့သည့် (၇၂)ကြိမ်အတွင်း ပထမဦးဆုံးသော တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ အပါအဝင် သာသနာ့အာဇာနည် ၁၅ ပါးမျှ ပေါ်ထွန်းခဲ့၍ ယခုနှစ်ကျင်းပသည့် စာမေးပွဲ၌ ၁၅ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**



ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်နေမိန္ဒာလင်္ကာရထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်မှ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒသာရာလင်္ကာရထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်မြတ်တစ်ပါးထံ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်မြတ်တစ်ပါးထံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

# သင်ကြားတတ်မြောက်ပြီးသော ကိုယ်ကျင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင် လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်အဖြစ် အပြည့်အစုံပါဝင်ကြစေလို

(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋ်သကာ၊ ပါဠိသိရောမဏိ) ၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ

[ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်) တနင်္လာနေ့ ]

(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ ဒီဃနိကာယကောဝိဒ စသည် ခန်းခန်းအောင်ပွင့်ပန်းကို လန်းဆန်းကြည်ရွှင် ပန်ဆင်ကြသည့် သာသနာ့အာဇာနည်အရှင်မြတ် ၁၀၆ ပါးတို့နှင့်တကွ သာသနာ့ဒါယကာ နိုင်ငံတော်အစိုးရအမှူး ပြုသည့် ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား စိတ်ထားရွှင်လန်း ဝမ်းမြောက်ဖွယ်ရာ ရှည်ကြာကာလ အမှတ်ရဖွယ် အောက်မေ့ဖွယ်ရာဖြစ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒစကား မြွက်ကြားလိုပါသည် ဘုရား။

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်စ အဋ္ဌမသတ္တာဟဝယ် ဥရုဝေလတော အဇပါလညောင်ပင်ရင်း၌ မျှညီရွှင်ပြုံး သီတင်းသုံးတော်မူစဉ် စရိုက်ညှံ့ဖျင်း မာရ်နတ်မင်းသည် **“ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ”** အစဖြာလျက် ဝိနာယက ထိပ်တင် မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံတော်မူရန် စကားလျှောက်ထားခဲ့ရာ မြတ်စွာဘုရားက –

**“န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ”** အစဖြာလျက် “ယုတ်မာစွာလတ် ဟယ်မာရ်နတ် ငါဘုရား၏ တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသော အရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ၊ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ ရဲဝံ့ခြင်းမရှိသေးသမျှ ပိဋကသုံးပုံ ဟူသော ဘုရားစကားတော်ကို များစွာမသင်ကြား မနာကြားအပ်သေးသမျှ ပိဋက သုံးပုံဟူသော တရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာ တရားကိုးပါး အားလျော်သောအကျင့်ကို မကျင့်နိုင်သေးသမျှ၊ ဝိပဿနာ ဝိသုဒ္ဓိအကျင့်အားလျော်သော တရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ(မြတ်စွာဘုရား)၏ ဝါဒကို သင်ကြား၍ မဟောပြ၊ မပို့ချ၊ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ ဖြစ်ပေါ်လာသည့် သူတစ်ပါး အယူဝါဒကို အကြောင်းနှင့် တကွသော စကားဖြင့် နှိမ်နင်းသည်မည်လောက်အောင် နှိမ်နင်း၍ မဟောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန် မစံသေး” ဟု သုတ္တန္တပိဋက မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာန သုတ် စာမျက်နှာ(၉၄)၌ ဟောကြားတော်မူခဲ့ပါသည်။

ယင်းဒေသနာတော်အရ မြတ်စွာဘုရားသည် သာသနာတော်တွင် ပိဋကကျမ်းဂန်များကို သင်အံကျက် ဆောင်၍ ပရိသတ်အတွင်း ကြောက်ရွံ့ခြင်းကင်းကာ ရဲဝံ့စွာဖြင့် သင်ကြားပို့ချဟောပြနိုင်ပြီး သာသနာတွင်း ပေါ်ပေါက်ဖြစ်ရှိလာသော သူတစ်ပါး၏ အယူဝါဒများကို လည်း သုတ်သင်ပယ်ရှင်း နှိမ်နင်းနိုင်သော အရည်အချင်း ပြည့် ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာမှသာ သာသနာတော်အရှည်ခံ့၍ တည်တံ့မည်ဖြစ်ပါသည် ဘုရား။

(၇၂) ကြိမ်မြောက် ကျင်းပခဲ့သည့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အနေဖြင့် မူ၊ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း စသည်တို့တွင် မြတ်စွာဘုရားရှင် ဟောကြားသည့် ပိဋကတ်ကျမ်းစာများကို အခြေခံအနေဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှ တစ်စိတ်တစ်ဒေသ သင့်လျော်ရာခွဲခြားသတ်မှတ် ပြဋ္ဌာန်းထားသည့်အတိုင်း လေ့လာသင်ယူခဲ့ရသည့်အပြင် ဤတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ပိဋကသုံးပုံလုံးကိုလည်း ကောင်း နှစ်ပုံခွဲ၊ နှစ်ပုံ စသည်တို့ကို ကျက်မှတ်ပြန်ဆို အောင်မြင်တော်မူကြရာမှာ မြတ်စွာဘုရားရှင် လိုလားတော်မူသည့် အရည်အချင်းပြည့်ဝသော ရဟန်းတော်များတွင် တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိခြင်းကြောင့် အရှင်မြတ်တို့၏ အောင်မြင်မှုစွမ်းရည်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ဝမ်းမြောက်နှမော်သာခုခေါ်လျက် ရှိကြပါသည် ဘုရား။

အရှင်မြတ်တို့အနေဖြင့်လည်း **“ငါတို့သည် မြတ်စွာဘုရား လိုလားတော်မူသည့် ဗဟုသုတ ဓမ္မဓရ ပုဂ္ဂိုလ်အမျိုးအစားတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်လျက်ရှိကြပြီ”**ဟု နှလုံးသွင်းကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည် ဖြစ်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်တွင် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ် သက်သက်မျှသာ ဖြစ်စေလိုသည်မဟုတ်ဘဲ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် စစ်စစ် အဖြစ် ရောက်ရှိအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြစေလိုသော ဆန္ဒတော်ရှိသည်ကိုလည်း မာရ်နတ်အား မိန့်ကြားတော်မူသောစကားအရပင် သိရှိနိုင်ပါသည် ဘုရား။

ထို့ကြောင့် အရှင်မြတ်တို့သည် မြတ်စွာဘုရား လိုလားအပ်သော ပုဂ္ဂိုလ်အမျိုးအစားတွင် တစ်စိတ်တစ်ဒေသ လောက်သော ဓမ္မဓရအရည်အချင်းမျှလောက်ဖြင့် ပါဝင်ရသော ပုဂ္ဂိုလ်အဖြစ်သာ ရပ်တန့်မနေကြဘဲ မိမိတို့ သင်ကြားတတ်မြောက်ပြီးသော ပရိယတ်ထဲတွင်ပါရှိသည့် ကိုယ်ကျင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ တို့ကို အရှင်မြတ်တို့ ခန္ဓာကိုယ်ဝယ် ပဋိပတ်အဖြစ်ဖြင့် ရောက်ရှိလာအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ် တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင်လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်အဖြစ် အပြည့်အစုံပါဝင်ကြစေ လိုပါသည်ဘုရား။ ထိုကဲ့သို့ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်အဖြစ် ရပ်တည်မှသာ အရှင်မြတ်တို့ သင်ယူတတ်မြောက်ပြီး သော ပရိယတ်သည်လည်း မွန်မြတ်လှသော နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကာ သာသနာတော်သို့ ဝင်ရောက် ကြသော အမျိုးကောင်းသား ရဟန်းတော်မြတ်တို့၏ ရည်ရွယ်ချက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြတ် ဆုံး အကျိုးကို ရရှိသုံးဆောင်ခံစားကြရမည်ဖြစ်ပါသည် ဘုရား။

နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပရိယတ္တိ ဘက်မှာရော ပဋိပတ္တိဘက်မှာပါ လေးဖြာပစ္စယ ပြည့်ဝ စေရန်၊ ပြည့်လျှံသောစေတနာ သဒ္ဓါတရားတို့ဖြင့် လေးစားကော်ရော် ပူဇော်လှူဒါန်းလျက် အထက်တန်း ကျသော သာသနာပြု ကုသိုလ်မှုများ ပွားများအားထုတ် ပြုလုပ်နေကြသည်ကို အရှင်မြတ်များလည်း တွေ့မြင် သိရှိနေကြပြီး ဖြစ်ပါသည်ဘုရား။

သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့အောင် ဆောင်ရွက်ရာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်အရှင် မြတ်တို့က ပစ္စည်းလေးပါး မရှားပါးဘဲ အခက်အခဲမရှိ ပြည့်ဝမျှတတော်မူနိုင်ကြစေရန် ဒါယကာ ဒါယိကာမ များအား မှီခိုရသကဲ့သို့ ဒါယကာ ဒါယိကာမတို့ကလည်း တရားဓမ္မ ဗဟုသုတရရှိကြရန်နှင့် မွန်မြတ်သော ကုသိုလ်တရားရရှိကြရန် သံဃာတော်အရှင်မြတ်များကို မှီခိုကြရပေသည်။ ဤကဲ့သို့ ဆရာဒကာ အချင်းချင်း မှီခို ကြလျက် ဆောင်ရွက်ကြမှသာ သာသနာတော်ကြီးသည် လည်း ရှည်ကြာခိုင်ခံ့ တည်တံ့ခိုင်မြဲမည့်အပြင် ဒုက္ခ ကင်းစင် နိဗ္ဗာန်ခွင်သို့ ဝင်စံရကြောင်း အားကောင်းသော ဥပနိဿယဖြစ်ကြသောကြောင့် –

**သာဂါရာ အနာဂါရာ စ၊**
**ဥဘော အညောည နိဿိတာ၊**
**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။**

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာ ဒါယိကာမအပေါင်းတို့သည် လည်းကောင်း။ အနာဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ရဟန်းတော်ဟူသမျှတို့သည် လည်းကောင်း။ ဥဘော၊ ရဟန်းနှင့် လူနှစ်ဦးသော သူတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အမှီ သဟဲရှိကြကုန်သည်ဖြစ်၍။ ယောဂက္ခေမ၊ ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ၊ မိမိထက်လွန် မွန်မြတ် သော သဘောမရှိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာ တော်မြတ်ကြီးကို။ အာရာဓယန္တိ၊ နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်လျက် ပြီးမြောက်အောင် မသွေရွက်ဆောင် နိုင်ကြပါစေကုန်သတည်းဟု ပတ္ထနာအာသီသ ခွန်းချီ ဟလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စား မိန့်ကြားအပ်သော သမ္မောဒနီယ သာရဏီယ ကထာအစဉ်ကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါ သတည်း။ ။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူစဉ်။

**သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့အောင် ဆောင်ရွက်ရာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့က ပစ္စည်းလေးပါး မရှားပါးဘဲ အခက်အခဲမရှိ ပြည့်ဝမျှတတော်မူနိုင်ကြစေရန် ဒါယကာ ဒါယိကာမများအား မှီခိုရသကဲ့သို့ ဒါယကာဒါယိကာမတို့ကလည်း တရားဓမ္မ ဗဟုသုတရရှိကြရန်နှင့် မွန်မြတ်သော ကုသိုလ်တရားရရှိကြရန် သံဃာတော်အရှင်မြတ်များကို မှီခိုကြရ ဤကဲ့သို့ ဆရာဒကာ အချင်းချင်း မှီခိုကြလျက် ဆောင်ရွက်ကြမှသာ သာသနာတော်ကြီးသည်လည်း ရှည်ကြာခိုင်ခံ့တည်တံ့ခိုင်မြဲမည့်အပြင် ဒုက္ခကင်းစင် နိဗ္ဗာန်ခွင်သို့ ဝင်စံရကြောင်း ...**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြတ်စွာဘုရားရှင် အမွေပေးခဲ့သော ဒေသနာအဆုံးအမတို့သည် ယနေ့ထက်တိုင် သန့်ရှင်းစင်ကြယ်စွာဖြင့် မူလအတိုင်း တည်ရှိနေခြင်းသည် သံဃာတော် အရှင်မြတ်တို့၏ ကျေးဇူးတရားပင်ဖြစ်

(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် လျှောက်ထားသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ချီးကျူးပူဇာလျှောက်ထားလွှာ (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်)

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား–**

ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့စေရန် ဟူသော မွန်မြတ်သော မနသီစိတ်ထားဖြင့် (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်မြတ်များ၊ စာထောက်၊ စာမ၊ စာချ ဆရာတော်များနှင့် စာအောင်သံဃာတော် အရှင်မြတ် အပေါင်းတို့ကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းမှာ စုံညီစွာ ဖူးတွေ့ရပါ သဖြင့် သမဏာနုဋ္ဌဒဿန မင်္ဂလာတရားပွားများရပါ ကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား –**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာမြင့်ခဲ့သော်လည်း လူသား အားလုံးတို့အား အကြွင်းအကျန်မရှိ အမွေပေးခဲ့သော ဒေသနာအဆုံးအမတို့သည် ယနေ့ထက်တိုင် သန့်ရှင်း စင်ကြယ်စွာဖြင့် မူလအတိုင်း တည်ရှိနေခြင်းသည် သံဃာ တော် အရှင်မြတ်တို့၏ ကျေးဇူးတရားပင်ဖြစ်ပါသည် ဘုရား။

ထိုကဲ့သို့ မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ကို စနစ်တကျ စုစည်းလျက် နှုတ်တက်အာဂုံဆောင်ခြင်း၊ သဘောသွား အဓိပ္ပာယ်တို့ကို သင်ကြားပို့ချတော်မူခြင်းတို့ဖြင့် လက်ဆင့်ကမ်း သယ်ဆောင်တော်မူခဲ့သော သံဃာတော် အရှင်သူမြတ်တို့တွင် မြန်မာနိုင်ငံရှိသံဃာတော်အရှင်မြတ် တို့၏ ပရိယတ်၊ ပဋိပတ် ကြိုးပမ်းဆောင်ရွက်မှုတို့သည် ယနေ့ထက်တိုင် အရှိန်အဟုန်ကောင်းလျက်ရှိပါသည်။ ထိုကဲ့သို့ အရှိန်အဟုန်ကောင်းစေရန် ပစ္စည်းလေးပါးတို့ ဖြင့် ချီးမြှင့်ထောက်ပံ့လျက်ရှိသော မြန်မာနိုင်ငံသူ/ နိုင်ငံသားတို့၏ စေတနာ၊ သဒ္ဓါတရားတို့ကလည်း အားကောင်းဆဲဖြစ်၍ သာသနာတော်အတွက် အလွန်ပင် အားတက်မိပါသည်ဘုရား။

သာသနာတော်နှစ် ၄၅၀ (ဘီစီ ၉၃)တွင် သီရိလင်္ကာ နိုင်ငံ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ ကျင်းပခဲ့သည့် စတုတ္ထ သင်္ဂါယနာတင်ပွဲကြီးက ပိဋကတ်တော်များကို ပေထက် အက္ခရာတင်နိုင်ခဲ့ခြင်း၊ သာသနာတော်နှစ် ၂၄၁၅ (ခရစ်နှစ် ၁၈၇၁)တွင် မြန်မာနိုင်ငံ မင်းတုန်းမင်းတရားကြီး လက်ထက်၌ ကျင်းပခဲ့သော ပဉ္စမသင်္ဂါယနာတင်ပွဲကြီးက ကျောက်ထက်အက္ခရာတင်နိုင်ခဲ့ခြင်းနှင့် သာသနာတော် ၂၅၀၀ ပြည့်မြောက်သည့်နှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစအချိန်တွင် ကျင်းပခဲ့သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကြီးက ပုံနှိပ်အက္ခရာတင်နိုင်ခဲ့ခြင်းတို့သည် သာသနာ တော်အတွက် အလွန်ပင် အကျိုးကျေးဇူးများသည်ကို တွေ့ရှိရပါသည်ဘုရား။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ် တွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကြီး ပေါ်ပေါက်လာရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပရာ၌ ပိဋကတ်သုံးပုံ အာဂုံဆောင်သည့် သာသနာ့ အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပ ခဲ့ရာမှ ယနေ့ဆိုလျှင် (၇၂) ကြိမ်ပင်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိ ရပါသည်ဘုရား။

တစ်နည်းအားဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ အမွေအနှစ်သဖွယ်ဖြစ်သော ဤစာမေးပွဲကြီး၏ ချီးကျူး ပူဇာအောင်ပွဲမင်္ဂလာကို ဤဆဋ္ဌသင်္ဂါယနာတင် မဟာ ပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယခုကဲ့သို့ ခမ်းနား ထည်ဝါစွာကျင်းပခြင်းသည် သာသနာ့သမိုင်းနှင့် အလွန်ပင် လျော်ကန်သင့်မြတ်လှပါကြောင်း ခံစားကြည်ညိုရပါသည် ဘုရား။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကြီးသည် စတင်ကျင်းပသည့်နှစ်မှ ယခုနှစ်၊ ယခုအကြိမ်ထိ တစ်နှစ်တစ်ကြိမ်မျှ ပျက်ကွက်မှုမရှိ ကျင်းပနိုင်ခဲ့ပြီး ကျင်းပ ပြီးစီးခဲ့သည့် (၇၂)ကြိမ်အတွင်း ပထမဦးဆုံးသော တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင် ဝိစိတ္တ သာရာဘိဝံသ အပါအဝင် သာသနာ့အာဇာနည် ၁၅ ပါးမျှသာ ပေါ်ထွန်းလာခြင်းသည်ပင် ဤစာမေးပွဲကြီး၏ ခက်ခဲမှု၊ နက်နဲမှု၊ ထူးခြားမှုဖြစ်ပါသည်ဘုရား။

ယခုနှစ်ကျင်းပသည့် စာမေးပွဲကြီးတွင် အောင်မြင် တော်မူကြသော သာသနာ့အာဇာနည် အရှင် မြတ်တို့အနက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ ဝင်ရောက် ဖြေဆိုတော်မူသည့် အရှင်ပညာဝံသာဘိဝံသ (ကျောက်ပန်း တောင်းဆရာတော်) အရှင်မြတ်သည် ပြဋ္ဌာန်းကျမ်းစာ အားလုံး၏ အာဂမသဘာဝနှစ်ရပ်လုံးကို ပြီးမြောက် အောင်မြင်ခဲ့သဖြင့် ၁၅ ပါးမြောက် တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွန်း ခဲ့ပြီး ယခုလို ပူဇော်ခွင့်ရရှိသည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက် လှပါကြောင်း၊ ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား –**

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ်ကပင် လက်ယာရံနှင့် လက်ဝဲရံ အဂ္ဂသာဝကနှစ်ပါးတို့ကို ရွေးချယ် သတ်မှတ် တာဝန်ပေးအပ်ရာတွင် တန်ခိုးအရာ၌ ထက်မြက် သော အရှင်မဟာ မောဂ္ဂလာန်နှင့် ပညာအရာ၌ နက်နဲ စွာတွေးခေါ်မြော်မြင်တတ်သည့် အရှင်သာရိပုတ္တရာတို့ကို ရွေးချယ်ခဲ့ပြီး ထိုအဂ္ဂသာဝက မဟာထေရ်နှစ်ပါးတို့တွင် နက်နဲသည့် ဉာဏ်ပညာရှင်ဖြစ်တော်မူသော အရှင်သာရိ ပုတ္တရာအား လက်ယာရံအဂ္ဂသာဝကအဖြစ် အဓိကနေရာ ၌ တာဝန်ပေးအပ်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် မြတ်စွာ ဘုရားရှင်သည် **“ထက်”** ခြင်းထက် **“နက်”** ခြင်းကို အလေးထားတော်မူကြောင်း သိသာထင်ရှားလှပါသည် ဘုရား။

ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲကြီးနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို ၁၉၄၈ ခုနှစ်မှစ၍ (၇၂) ကြိမ် တိုင်တိုင် စဉ်ဆက်မပြတ်ကျင်းပကာ ကန်ပေါင်ကန်ရိုး ပမာ အထူးခိုင်ခံ့အားကောင်းအောင် ပရိယတ္တိသာသနာ တော်ကြီးကို အလေးဂရုပြု၍ ကြိုးပမ်းဆောင်ရွက်တော်မူ ကြသည့် သာသနာ့ဥသျှောင်ဆရာတော်ကြီးများ၏ သာသနာတော်အပေါ်ထားရှိသော သဒ္ဓါအား၊ စေတနာ အားနှင့် လုံ့လဝီရိယအားတို့ကို ယခုလို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက် အထူးကြည်ညိုမိပါသည် ဘုရား။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီးသည် **“ကြာရှေကန်ပေါင်၊ ပမာဆောင်သော်၊ ကန်ပေါင်ပရိယတ်၊ ခိုင်မာလတ်က၊ ပဋိပတ္တိရေ၊ တည်ကာနေ၍၊ ပဋိဝေဓရွှေကြာ၊ ပွင့်ဝေဆာ က၊ သာသနာသုံးထွေ၊ အစွန့်ရှည်၍၊ နှစ်ပရိစ္ဆေဒ၊ ကာလ များမြောင်၊ ငါးထောင်ပတ်လုံး၊ ခေတ်ကုန်ဆုံးအောင်၊ တည်ပါစေကြောင်း၊ ဆုတောင်းမင်္ဂလာ၊ အာသီသပတ္ထနာ ဖြင့်”** ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ ချီးကျူးပူဇာလျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။

**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို ၁၉၄၈ ခုနှစ်မှစ၍ (၇၂)ကြိမ် တိုင်တိုင် စဉ်ဆက်မပြတ်ကျင်းပကာ ကန်ပေါင်ကန်ရိုးပမာ အထူးခိုင်ခံ့ အားကောင်းအောင် ပရိယတ္တိသာသနာတော်ကြီးကို အလေးဂရုပြု၍ ကြိုးပမ်းဆောင်ရွက်တော်မူကြသည့် သာသနာ့ဥသျှောင်ဆရာတော်ကြီးများ၏ သာသနာတော်အပေါ်ထားရှိသော သဒ္ဓါအား၊ စေတနာအားနှင့် လုံ့လဝီရိယအား တို့ကို ယခုလို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက် အထူးကြည်ညိုမိ ပါသည်ဘုရား .....**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများ ရေဘေးသင့်အိမ်ထောင်စုများအား အားပေးစကားပြောကြားစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပေးအပ်ထောက်ပံ့စဉ်။

❂ ဒုတိယသမ္မတမှ

ရွှေဂဲရေဆိုးထုတ်စက်ရုံ ယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်ရေ စတင်စိမ့်ဝင်မှု၊ တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်းပျက်စီးမှု အခြေအနေ၊ ထပ်မံတိုက်စားပြိုကျပျက်စီးမှုမဖြစ်စေရေး စီမံဆောင်ရွက်နေမှုအခြေအနေ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရန် အစီအမံများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လတ်တလောပျက်စီးမှုများ ထပ်မံမဖြစ်ပွားစေရေး Poly Felt များကာ၍ သဲအိတ်ဖိခြင်းလုပ်ငန်းများ အမြန်ဆုံးတည်ဆောက်သွားရေး၊ ကျောက်ကြီးများဖြင့် လမ်းတာဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရေး၊ ရေရှည်တွင် ပန်းတာများ တည်ဆောက်သွားရေး၊ ပျက်စီးခဲ့သည့်နေရာများကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော စက်ယန္တရားများနှင့် ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးဆောင်ရွက်ရေး ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရွှေဂဲရေထိန်းတံခါးအနီး တာရိုးကျိုးပေါက်နေမှုနှင့် မြို့ပတ်လမ်းပျက်စီးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ဈေးချိုရပ်ကွက် ဦးလင်းဓမ္မာရုံနှင့် မှန်တန်းရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံသို့ ရောက်ရှိကြပြီး ရေဘေးသင့် အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက ရွှေဂဲရေထိန်းတံခါးအနီး တာရိုးကျိုးပေါက်သည့်နေရာကို မိမိတို့ရောက်ရှိခဲ့ပါကြောင်း၊ တာရိုးကျိုးပေါက်သည့်နေရာကိုလည်း အမြန်ဆုံး မူလအခြေအနေပြန်ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့မှုများကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်၍ စိတ်အားမငယ်ကြစေလိုပါကြောင်း။

**စိတ်ဓာတ်မကျရန်လို**

ရာသီဥတု အနေအထားများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာပါကြောင်း၊ ယခုကဲ့သို့ ဘေးအန္တရာယ်ဖြစ်လာသည့်ကိစ္စကို မည်သို့မျှ ရှောင်လွှဲ၍မရပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝဘေး အန္တရာယ်များကို ရေရှည်တွင် ဆက်လက်ရင်ဆိုင်ကြရမည်ဖြစ်ပြီး စိန်ခေါ်မှုများစွာရှိပါကြောင်း၊ မည်သို့ပင် ဒုက္ခများတွေ့ကြုံရသော်လည်း စိတ်ဓာတ်မကျရန် လိုအပ်ပါကြောင်း၊ အားလုံး ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည်ကို မိမိအနေဖြင့် ကိုယ်ချင်းစာမိပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်စဉ်ကာလတွင်လည်း ကျန်းမာရေးကို ဂရုစိုက်၍ ကျန်းမာရေးအသိရှိစွာ နေထိုင်ကြစေလိုပါကြောင်း။

ကာလတစ်ခုအထိ ကယ်ဆယ်ရေးစခန်း၌ နေထိုင်ရချိန်တွင် စိတ်ရှည်သည်းခံပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကယ်ဆယ်ရေးစခန်း၌ ရှိနေချိန်နှင့် မိမိနေရာများသို့ ပြန်လည်ရောက်ရှိသည့်အချိန်များတွင် လိုအပ်သည့်အကူအညီများနှင့် ထောက်ပံ့မှုများကို ဆက်လက်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိနေရာများသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ကြပါစေဟု ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ရေဘေးသင့်အိမ်ထောင်စုများထံ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများကို ပေးအပ်ထောက်ပံ့ကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် တာရိုးကျိုးပေါက်မှုနှင့် ကမ်းနားလမ်းပျက်စီးမှုများအား စက်ယန္တရားများဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**ပြောင်းရွှေ့နေရာချပေး**

အဆိုပါ ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်၍ မြစ်ရေဝင်ရောက်မှုကြောင့် ယဉ်တော်ကျေးရွာအုပ်စု၊ မှန်တန်းရပ်ကွက်၊ ကျန်တန်းရပ်ကွက်၊ ဈေးချိုရပ်ကွက်နှင့် ငယ်တိုင်ရပ်ကွက်များရှိ အိမ်ထောင်စုများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အား ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

## ဝက်ကူးစက်ရောဂါများနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အားလျော်စွာ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ သန့်ရှင်းကောင်းမွန်သောအသားများ စားသုံးနိုင်ရန်အလို့ငှာ မိမိတို့ဌာနရှိ BSL – 2 အဆင့်ရှိသည့် ရန်ကုန်၊ မန္တလေးနှင့် ရွှေမြို့ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် ဝက်ကူးစက်ရောဂါများအပါအဝင် အခြားတိရစ္ဆာန် ကူးစက်ရောဂါများကို ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အစဉ်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုလက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်နယ် (၁၀)ခုတွင် ရောဂါစူးစမ်းထောက်လှမ်းခြင်းဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းတစ်ခုမှ ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) ပိုးအသစ်တွေ့ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ COVID–19 ကာလနှင့်ဆက်စပ်၍ နိုင်ငံတကာတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၀၉ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၌ H1N1 pdm/09 virus တွေ့ရှိမှုနှင့်ပတ်သက်၍လည်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)အပါအဝင် နိုင်ငံတကာမှ အဆိုပါရောဂါပိုးနှင့်ပတ်သက်သည့် လေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ၂၀၁၀ ပြည့်နှစ်မှစ၍ ဝက်များတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) အပါအဝင် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ (Porcine Respiratory and Reproductive Syndrome – PRRS – NA strain & EU strain)၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါ (Porcine Circovirus Type 2 – PCV2)၊ ဝက်ဝမ်းလျှောရောဂါ (Porcine Epidemic Diarrhea – PED)၊ အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF)၊ ဝက်ဝမ်းကျရောဂါ (Classical Swine Fever)နှင့် ကူးစက်လွယ်အစာအိမ်အူရောင်ရောဂါ (Transmissible Gastro–enteritis – TGE)များကို အချိန်နှင့်တစ်ပြေးညီ စူးစမ်းထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းတွင် အတည်ပြုစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ၂၀၁၇ မှ ၂၀၂၀ ပြည့်နှစ်အထိ မြို့နယ် (၂၃၀)မှ ဝက်နမူနာပစ္စည်း စုစုပေါင်း(၂၇,၃၆၃)ခု ကောက်ယူစစ်ဆေးခဲ့ပါသည်။ စစ်ဆေးချက်များအရ **ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) ရောဂါပိုးအား တွေ့ရှိခဲ့ခြင်းမရှိဘဲ** အခြားဝက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ (Porcine Respiratory and Reproductive Syndrome–PRRS – NA strain & EU strain)၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါ (Porcine Circovirus Type 2 – PCV2)နှင့် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) များသာ တွေ့ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ပိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါရောဂါသည် (က)စာရင်းဝင် ကူးစက်ရောဂါဖြစ်သောကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ သတင်းပေးပို့ထားပြီးဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင်သာ ကူးစက်ဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး လူသို့ ကူးစက်နိုင်သည့် ရောဂါမဟုတ်ကြောင်း အများပြည်သူသိရှိနိုင်စေရန် သတင်းထုတ်ပြန်ထားပြီးဖြစ်ပါကြောင်းနှင့် **ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) ပိုးသည် မြန်မာနိုင်ငံတွင် ကူးစက်ပျံ့နှံ့ခြင်းမရှိကြောင်း** အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်တိုင်းဒေသကြီး၌ လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းဇယား အချက်အလက်များ တိကျမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး လူဦးရေနှင့် စာရင်းအင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိမိဌာနဝန်ထမ်းများ ညှိနှိုင်းပူးပေါင်းကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းနေထိုင်သူများသာမက ပြည်ပရောက် မြန်မာနိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ သံရုံးများဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မကြာသေးခင်က ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ မဲပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### မဲစာရင်းများရရှိပြီးဖြစ်

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ လူဦးရေစာရင်းကို မြေပြင်ကွင်းဆင်းကောက်ယူကာ မဲဆန္ဒရှင်စာရင်း ပြုစုလျက်ရှိကြောင်းနှင့် ယင်းမဲစာရင်းကို ပိုမိုတိကျမှန်ကန်စေရေး အတွက် တာဝန်ရှိဌာနများမှ လူအင်အား၊ နည်းပညာအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ရရှိပြီးဖြစ်ကြောင်း သိရှိရပါကြောင်း၊ ပထမအကြိမ် မဲစာရင်းကို ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် မဲစာရင်းကို အောက်တိုဘာလအတွင်းတွင် လည်းကောင်း ထုတ်ပြန်ကြေညာနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ မိမိတို့ဌာနအနေဖြင့် မဲစာရင်းတွင် ဖြည့်သွင်းရန် ကျန်ရှိသည့် ကိုင်ဆောင်လက်မှတ်အမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စီမံဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုအဆင့်တွင်လည်း ဆန္ဒမဲပေးခွင့်ရှိသူ မဲပေးနိုင်ရေး၊ မဲစာရင်းတွင် အမည်စာရင်းပါရှိသော်လည်း ကိုင်ဆောင်လက်မှတ်နံပါတ် ဖြည့်သွင်းရန် ကျန်ရှိသည့် စာရင်းများ ပြန်လည်ဖြည့်သွင်းရေး၊ ကိုင်ဆောင်လက်မှတ် ကွင်းဆင်းထုတ်ပေးရေးနှင့် ကိုင်ဆောင်လက်မှတ် အပြည့်အဝ ဆောင်ရွက်ထုတ်ပေးနိုင်ခြင်း မရှိပါကလည်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးမည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

### အလေးထားဆောင်ရွက်

မဲစာရင်းတွင် ပါရှိသော်လည်း ကိုင်ဆောင်လက်မှတ်နံပါတ် ဖြည့်သွင်းပါရှိခြင်း မရှိသူများကို ယခင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ရှိ စာရင်းများဖြင့် တိုက်ဆိုင်၍ ၎င်းစာရင်းများပါ နံပါတ်များ ဖြည့်သွင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုင်ဆောင်လက်မှတ် မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းခြင်းလုပ်ငန်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မိမိဌာနမှ ဝန်ထမ်းများက အဓိက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ပြောင်းရွှေ့လာသူများအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိမိ တို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဦးစီးဌာနရုံးများ၌ လက်ရှိအင်အားအပေါ်မူတည်၍ အဖွဲ့သုံးဖွဲ့ ခွဲကာ ရုံးသို့လာရောက်သူများ အတွက် ဆောင်ရွက်ပေးရန် ရုံးထိုင်အဖွဲ့ တစ်ဖွဲ့၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ စာရင်းအရ ကိုင်ဆောင်လက်မှတ် ဖြည့်သွင်းရန် ကျန်ရှိသူများအား စာရင်းဇယားများဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့နှင့် ကိုင်ဆောင်လက်မှတ် မရှိသေးသူများအတွက် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ကွင်းဆင်းဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ စသည်ဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ယခင်ဆောင်ရွက်မှုများထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ မိမိတို့ လုပ်ငန်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စာရွက်စာတမ်း အထောက်ထားများအပေါ် အခြေခံဆောင်ရွက်ရသည့်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ကြန့်ကြာမှုရှိသော်လည်း မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### များစွာအထောက်အကူပြု

တိုင်းဒေသကြီး စာရင်းအရ မဲစာရင်းတွင် ကိုင်ဆောင်လက်မှတ်များ ထပ်နေခြင်း၊ မြို့နယ်တစ်ခုထက် ပိုမိုပါဝင်နေသူများ ပါရှိနေခြင်း၊ နံပါတ်များ မှားယွင်းဖြည့်သွင်းထားခြင်းတို့ကြောင့် မိမိတို့ဌာနရှိ ရုံးလက်ခံမှတ်တမ်းများနှင့် စိစစ်အတည်ပြုပြီး အသေးစိတ်အမည်စာရင်းများဖြင့် စိစစ်ဆောင်ရွက်ပေးခဲ့ရာ အချိန်တိုအတွင်း မှန်ကန်သောစာရင်းများ ဖြည့်သွင်းဆောင်ရွက်ပေးပို့ပြီး ဖြစ်ပါကြောင်း၊ အလားတူ အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များမှ နံပါတ်များပါရှိနေရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ မေးမြန်းစိစစ်၍ ရရှိသော စာရင်းများကိုလည်း ပြန်ကြားပေးပို့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းအရ ကိုင်ဆောင်လက်မှတ်နံပါတ်များ အတိုင်းအတာတစ်ခုအထိ ပြုစုဆောင်ရွက်ပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ လူဦးရေစာရင်းကောက်ယူခြင်းနှင့် အခြေခံမဲစာရင်းပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ သီးခြား Server တစ်လုံးကို အသုံးပြု၍ Database စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် အချက်အလက် စုဆောင်းမှုတွင် အားကောင်းလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်မှုသည် ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် e-ID ၊ e-Passport စသည့်လုပ်ငန်းများဆောင်ရွက်နေမှုအတွက် များစွာ အထောက်အကူဖြစ်ပါကြောင်း။

### မဲပေးခွင့်မဆုံးရှုံးစေရေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲစာရင်းများ တိကျမှန်ကန်စွာ ဆောင်ရွက်နေသည့်နည်းတူ အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများအားလုံး၏ အဓိက ဦးစားပေးလုပ်ငန်းသည် မဲစာရင်း တိကျမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူအားလုံး ကိုင်ဆောင်လက်မှတ်ရရှိရေး၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေးစသည့် လုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းအားလုံးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လည်း အရေးကြီးပါကြောင်း၊ ယခုလုပ်ငန်းသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ချင်း ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းအားလုံးက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းဖြစ်သည်နှင့် အညီ အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြသူများအဖြစ်ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ရန်ကုန်တိုင်းဒေသကြီး အတွင်းလူဦးရေနှင့် စာရင်းအင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးပြီးစီးမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းဇယား အချက်အလက်များ ပြုစုထားရှိမှုအခြေအနေကိုလည်းကောင်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း ကောက်ယူမှုနှင့် မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိ သူများစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များ ဖြည့်သွင်းနိုင်မှုမရှိသည့် စာရင်းနှင့်အချက်အလက်များ မှန်ကန်ပြည့်စုံရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။


### ဆွေးနွေးတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းဆောင်ရွက်နိုင်ရေးနှင့် ကတ်ပြားမရှိသူများအတွက် ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းဇယား အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် ဆောင်ရွက်မှုများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက်၊ မဲစာရင်းအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့ခွဲကော်မရှင် အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများ၊ မိမိဌာန ဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားရေး တာဝန်အဖြစ် ခံယူ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပင်လယ်ပြင်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ပင်လယ်ပြင်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းအမှတ်စဉ် (၄/၂၀၂၀) (Safety at Sea - 4/2020) သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် အိဖြိုးရတနာ EPY Jetty ငါးချဆိပ်ကမ်း၌ ကျင်းပခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ရေလုပ်သားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်း၊ သင်တန်းဖွင့်လှစ်ခဲ့သော ငါးချဆိပ်ကမ်းလေးခုအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခြင်းနှင့် ပူးပေါင်းပို့ချပေးခဲ့သော မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့အား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းသို့ ကမ်းဝေးငါးဖမ်းရေယာဉ် ရေလုပ်သား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေ ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်နှင့် အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ ဖြစ်သော m-Banking, e- Banking, i- Banking, Mobile Payment စနစ်များဖြင့်လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှ လည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းကို လုပ်ငန်းခွင်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ အခွန်ပေးဆောင်နေရမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၃။ လစာဝင်ငွေခွန်ပေးဆောင်မှုမှတ်တမ်းအဖြစ် မှတ်တမ်းစာအုပ် ထုတ်ပေးခြင်းအစား ဌာန၏ Data Center နှင့် ချိတ်ဆက်၍ မိုဘိုင်းလ်ဖုန်းစနစ် (Mobile App)ဖြင့် အခွန်ပေးဆောင်ထားရှိမှု အချက်အလက်များကို ကြည့်ရှုနိုင်ရန် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြုပြီး လွယ်ကူလျင်မြန်စွာနှင့် လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်ပါသည်။

၅။ ယင်းသို့ အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား/ ချက်လက်မှတ်များ အသုံးပြု၍ လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့်အချိန်နှင့် ကုန်ကျစရိတ် သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှု အန္တရာယ်မရှိနိုင်ခြင်းနှင့် အလွဲသုံးစားနှင့် မသမာမှု အန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

၆။ အီလက်ထရောနစ် ငွေပေးချေမှုစနစ်အား အသုံးပြု၍ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာ အီလက်ထရောနစ် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်ထမ်းသို့ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်း လက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို အခွန်ထမ်းသို့ email အသုံးပြုပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ စတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းနိုင်ရေး အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၈။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)အမှတ်-၅၉/၆၁(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅လမ်း၊၂၂x၂၃လမ်းကြား၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု မန္တလေး-စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်၍ ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု မန္တလေး-စစ်ကိုင်းလမ်းရှိ ရွှေဂဲရေဆိုးထုတ်စက်ရုံ အတွင်းသို့ ယမန်နေ့ညက ဧရာဝတီမြစ်ရေ ကမ်းနားလမ်း၏ အောက်ဘက်မှ ထူးပေါက်ဖြစ်၍ ဝင်ရောက်လာမှုကြောင့် ရေလွှမ်းနိုင်သည့် ရပ်ကွက်လေးခုမှ အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ခြင်း၊ ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဖြစ်စဉ်ကြောင့် မန္တလေး-စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်၍ ဧရာဝတီမြစ်ရေများ နံကပ်အင်းအတွင်း စီးဝင်နေမှုကို ပိတ်ဆို့နိုင်ရေး လိုအပ်သောကူညီပံ့ပိုးမှုပေးခြင်း တို့ကို သွားရောက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့ ရှင်ပင်ဆတ်သွားဘုရားတန်ဆောင်း၊ မိုးကောင်းမြတ်စွာဘုရား ဓမ္မာရုံနှင့် ကျန်တန်းဓမ္မာရုံတို့တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် သတိထားရမည့်အချက်များနှင့် အားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၁၄၄၈ စုမှ လူဦးရေ ၄၀၃၄ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၈၄၇၁၄၀၀၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများ ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြစ်စဉ်နေရာသို့ ရောက်ရှိပြီး နံကပ်အင်းပတ်လည်ရှိ တာရိုးနိမ့်ပြီး ရေများကျော်ဝင်နိုင်သော နေရာများကိုလည်းကောင်း၊ မန္တလေး-စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်ပြီး မြစ်ရေများ စီးဝင်နေသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုကာ မြစ်ရေစီးဝင်နေမှုကို အမြန်ဆုံးပိတ်ဆို့နိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နံကပ်အင်းပတ်လည်ရှိ လူနေအိမ်ခြေများအနီး ရေကျော်နိုင်သည့် တာရိုးနိမ့်သော နေရာများကို သဲအိတ်များ ချထားနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ခပေါင်းဆည်ရေသောက်စနစ်ရှိ ရေအသုံးချသူများအဖွဲ့က ရေပေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆည်ရေသောက် ဧရိယာများတွင် ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းပြီး ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

**ဖွဲ့စည်း**

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူခရိုင် ခပေါင်းဆည်ရေသောက်စနစ် အတွင်းရှိ တောင်ငူမြို့နယ်၌ WUG အဖွဲ့ ၇၀၊ အုတ်တွင်းမြို့နယ်၌ WUG အဖွဲ့ ၁၈၉ ဖွဲ့ စုစုပေါင်း WUG အဖွဲ့ ၂၅၉ ဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း တည်ဆောက်ရေး(၅)မှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေလိုအပ်ပါက အဆင်သင့်ဖြန့်ဝေပေးနိုင်ရန်အတွက် ရေပေးရေယူမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေအသုံးချသူများအဖွဲ့ (WUG) များက သက်ဆိုင်ရာ မြောင်းများအလိုက် ချုံများရှင်းလင်းခြင်း၊ သဲနုန်းဆယ်ခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ **ထက်လျှံ**



တောင်ငူမြို့နယ် ကြို့ကုန်းကျေးရွာ ကွင်းအမှတ်(၅၀၂-ခ)တွင် WUG အဖွဲ့များ ပူးပေါင်း၍ ရေယူမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို တွေ့ရစဉ်။

## ဆည်ရေကိုစနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသော ရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့်ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ “ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်” ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဖော်ထုတ်ထိန်းသိမ်းသင့်သည့် လုပ်ငန်းခွင်အလေ့အကျင့်များ

ကောင်းမွန်

သင့်အနေဖြင့် လုပ်ငန်းဌာနတစ်ခု၊ ကုမ္ပဏီတစ်ခု၌ အလုပ်ခန့်အပ်ခံရသည့်အခါ ကနဦးတွင် ပတ်ဝန်းကျင်အသစ်က သင့်အပေါ်အထိုက်အလျောက် လွှမ်းမိုးမှုရှိမည်ဖြစ်သည်။ သို့ရာတွင် အစပိုင်းကတည်းက မှန်မှန်ကန်ကန်လုပ်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းဌာနအသစ်၊ ကုမ္ပဏီအသစ်၌ ကျေနပ်အားရဖွယ်ကောင်းသည့်၊ အောင်မြင်သည့် အခြေအနေတစ်ခုကို ရရှိလိမ့်မည်ဖြစ်သည်။ ယင်းအခြေအနေသို့ ရောက်ရှိရန် မည်သည့်လုပ်ငန်းဌာန၌မဆို ဝန်ထမ်းအသစ်များအနေဖြင့် လုပ်ငန်းဌာန၊ ကုမ္ပဏီတို့က အကဲခတ်သုံးသပ်သွားမည့် အခြေခံအရည်အသွေး၊ တစ်နည်းဆိုရသော် လုပ်ငန်းခွင်၌ အောင်မြင်သူတစ်ဦး ဖြစ်လာရန် ဖော်ထုတ်ထိန်းသိမ်းသင့်သည့် အရည်အသွေး၊ အလေ့အထကောင်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် –

**(၁) အချိန်မှန်ကန်မှုရှိပါစေ**

လုပ်ငန်းခွင်သို့ အချိန်မှန်ရောက်ရှိပါစေ။ အချိန်ပိုစောပါက ပိုမိုကောင်းမွန်ပါသည်။ နေ့တစ်နေ့ကို စတင်ရာတွင် သက်သောင့်သက်သာနှင့် အသားတကျ စတင်နိုင်ရေးအတွက် အချိန်မှန်ကန်မှုရှိဖို့ အရေးကြီးပါသည်။

**(၂) လိုအပ်သကဲ့သို့ တာဝန်ယူဆောင်ရွက်ပါ**

လုပ်ငန်းများ ပြီးမြောက်စေရန် လိုအပ်သကဲ့သို့ ကနဦး အရေးယူဆောင်ရွက်မှုများကို တာဝန်ယူ ပြုလုပ်ပါ။ သင့်အနေဖြင့် လုပ်ငန်းခွင်သို့ စောစောရောက်၍ ရေနွေးကရား၌ ရေဖြည့်ပြီး တည်ထားရန် လိုပါကလည်း လုပ်ဆောင်ထားသင့်သည်။

**(၃) သေသေသပ်သပ်နှင့် သန့်သန့်ရှင်းရှင်းရှိပါစေ**

သင်၏ လုပ်ငန်းခွင်နေရာနှင့် စားပွဲခုံတို့ကို သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းနှင့် နှစ်သက်ဖွယ်ရှိအောင် ထိန်းသိမ်းထားရှိပါ။ ပျက်စီးလွယ်သည့် အမှိုက်များကို ချက်ချင်းလွှင့်ပစ်၍ တစ်နေ့တာ အလုပ်ပြီးစီးချိန်တွင် သင်၏လက်ဖက်ရည်၊ ကော်ဖီခွက်တို့အား အသေအချာဆေးကြောသင့်သည်။ ဤအချက်မှာ အများနှင့်ဆိုင်သည့် လုပ်ငန်းခွင်နေရာ၊ သန့်စင်ခန်းတို့အား အသုံးပြုရာတွင်လည်း သက်ဆိုင်သည်။ မိမိအသုံးပြုပြီးနောက် အခြားသူများလည်း သန့်သန့်ရှင်းရှင်း အသုံးပြုနိုင်ရေး အချက်အပေါ် သတိပြုသင့်သည်။

ကြုံကြိုက်လို့ ပါရီမြို့ အခြေစိုက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ရုံးချုပ်ရှိ သန့်စင်ခန်းတစ်ခုမှာ ကပ်ထားတဲ့ အင်္ဂလိပ်၊ ပြင်သစ်နှစ်ဘာသာနဲ့ အောက်ပါစာသားလေးကို သဘောကျမိလို့ မျှဝေလိုပါတယ် –

Please leave this place as clean as you would like to see it when entering.

Priere de laisser ces lieux dans l'etat de proprete dans lequel vous souhaitez les trouver en entrant!

"ဤအခန်းထဲကို ဝင်လာစဉ် မြင်တွေ့လိုသည့်အနေအထားအတိုင်း သင်အသုံးပြုပြီး ထွက်ခွာချိန်မှာလည်း သန့်သန့်ရှင်းရှင်း ထားရှိပေးပါ"လို့ ဆိုလိုရင်းဖြစ်ပါတယ်။

**(၄) စနစ်တကျ သိမ်းဆည်းထားသိုပါ**

အကောင်းဆုံး သတိပေးရည်ညွှန်းချက်မှာ သင်၏ ဖိုင်တွဲများကို ထည့်သွင်းထားသိုရန် ခွက်များ၊ စားပွဲခုံများ၊ အံဆွဲများ၊ ဗီရိုများသည် ရောနှော၊ ရှုပ်ထွေးနေခြင်း ရှိ၊ မရှိ သို့မဟုတ် စနစ်တကျ မှတ်သား၊ ထိန်းသိမ်းထားခြင်း ရှိ၊ မရှိ ဆိုသည့်အချက်ပင် ဖြစ်သည်။

**(၅) စနစ်ကောင်းကို ထိန်းသိမ်းပါ**

ကောင်းမွန်သည့်စနစ်က လုပ်ငန်းများ အကောင်အထည်ဖော်မှုကို ချောမွေ့အဆင်ပြေစေသည်။ များသောအားဖြင့် အခြေတကျရှိပြီးသည့် ကုမ္ပဏီကြီးများ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းများ ရှိတတ်ပါသည်။ အကယ်၍ နှုတ်ဖြင့် ညွှန်ကြားထားချက်များသာ ရှိပါကလည်း လုပ်ငန်းပြီးမြောက်စေရန် မည်သို့ဆောင်ရွက်သင့်သည် ဆိုသည့်အချက်နှင့်ပတ်သက်၍ ကိုယ်ပိုင်စံညွှန်းများကို ဖော်ထုတ်ထားသင့်ပါသည်။

**(၆) ကျွမ်းကျင်မှု ရှိပါစေ**

အချို့သောပုဂ္ဂိုလ်များမှာ သဘာဝအလျောက်ပင် ကျွမ်းကျင်မှုရှိသူများ ဖြစ်ကြသည်။ အရာရာကို စနစ်တကျ လေ့လာခြင်းဖြင့် ယင်းကဲ့သို့ အရည်အချင်းမျိုးကိုရရှိရန် လေ့ကျင့်ပျိုးထောင်နိုင်သည်။ ယင်းသို့ဆိုပါက လုပ်ငန်များ လုပ်ဆောင်ရာတွင် ပိုမိုလျင်မြန်ပြီး ပိုမိုစနစ်ကျ၍ သက်သောင့်သက်သာဆောင်ရွက်နိုင်မည့် နည်းလမ်းကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

> အဖွဲ့လိုက် စုပေါင်းဆောင်ရွက်တတ်သည့် အဖွဲ့သား တစ်ဦးဖြစ်ပါစေ။ သင်၏အတွေးအခေါ်၊ အယူအဆ၊ လုပ်ငန်းပိုင်းအတွေ့အကြုံ၊ သတင်းအချက်အလက် များနှင့် ပုံစံများကို လိုလိုလားလားမျှဝေခြင်းဖြင့် သင်၏ လုပ်ဖော်ကိုင်ဖက်များက ယင်းတို့ကို အသစ်မှ ပြန်လည် စတင်ရန် လိုအပ်တော့မည် မဟုတ်ပေ။ ဤနည်းဖြင့် လုပ်ဖော်ကိုင်ဖက်များအကြား တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**(၇) ပြဿနာအား ဖြေရှင်းရေး**

သင်လုပ်ကိုင်နေသည့်အလုပ်ကို ကောင်းစွာနားလည်စေရန် လေ့လာပါ။ တည်ဆဲလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ပါ။ ပြဿနာ၏အဖြေကို ရှာဖွေဖော်ထုတ်နိုင်ရန် မိမိ၏ တွေ့ရှိချက်များ၊ အယူအဆများ၊ အကြံပြုချက်များကို လုပ်ဖော်ကိုင်ဖက်များ၊ လုပ်ငန်းအပ်နှံသူများနှင့် မျှဝေပါ။

**(၈) ဆောင်ရွက်ထားရှိချက်နှင့်ပတ်သက်၍ လိုအပ်သလို သတိပေးမေးမြန်းပါ**

ဆောင်ရွက်ထားရှိချက်နှင့်ပတ်သက်၍ လိုအပ်သကဲ့သို့ သတိပေးမေးမြန်းရန်ဟု ဆိုရာတွင်လည်း လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ အကြောင်းကြားပြီးနောက် ၂၄ နာရီအတွင်း ချက်ချင်းမေးမြန်းသွားရန် ဆိုလိုခြင်းမဟုတ်ပေ။ အကြောင်းကြားထားပြီး သုံးရက်ခန့် ကြာမြင့်ချိန်တွင် မသိမသာ မေးမြန်းပါ။ ဝန်ထမ်းအများစုမှာ လုပ်ငန်း၏ အရေးကြီးမှုကို နားလည်သဘောပေါက်ကြသည့်အလျောက် သတ်မှတ်ထားသည့် နောက်ဆုံးအချိန်၏ အရေးကြီးမှုကို အလေးထားပြောကြားထားပါက လုပ်ငန်းများကို လျင်မြန်စွာ ပြီးစီးစေရန် ကူညီဆောင်ရွက်ကြမည် ဖြစ်သည်။

ငွေကြေးကိစ္စရပ်များ၌လည်းကောင်း၊ စာရွက်စာတမ်းများကို အခြားသူများထံ အရောက်ပေးပို့ရာ၌လည်းကောင်း အစဉ်လို့လဝီရိယရှိပါစေ။ ယင်းသို့ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပြီးစီးမှု ရှိ၊ မရှိ စိစစ်နိုင်ရန် သင်၏ ပြက္ခဒိန်၌ အစဉ်မှတ်သားထားသင့်သည်။

**(၉) လျင်မြန်မှု ရှိပါစေ**

ပုံမှန်လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်တတ်ရန် လေ့ကျင့်ပါ။ သို့သော်လည်း အလျင်စလို ဆောင်ရွက်ရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

**(၁၀) တိကျမှု ရှိပါစေ**

အသေးစိတ်အချက်အလက်များ၊ အထူးသဖြင့် ကိန်းဂဏန်းများ၊ ရက်စွဲများနှင့် သက်ဆိုင်ပါက အလေးဂရုပြုမှတ်သားတတ်သည့် အလေ့အထကို လေ့ကျင့်ပျိုးထောင်ပါ။

**(၁၁) တတ်နိုင်သမျှ အမှားနည်းပါစေ**

လူတိုင်း၌ အမှားမကင်းနိုင်သော်လည်း ပုံမှန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ အမှားနည်းစေရန် ရည်မှန်းထားသင့်သည်။ အချို့သော အမှားများအတွက် ထိုက်သင့်သည့် တန်ဖိုးပေးဆပ်ရတတ်သည်ကို သတိပြုသင့်သည်။

**(၁၂) စာရွက်စာတမ်းပိုင်း ထိန်းသိမ်းမှု**

စာရွက်စာတမ်းများကို စနစ်တကျထိန်းသိမ်းပါ။ လုပ်ငန်းကိစ္စတစ်ခု ဆောင်ရွက်ပြီးစီးပြီဆိုသည်နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို ချက်ချင်းရှင်းလင်းပါ။ ဖိုင်တွဲများကို အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းထားခြင်းဖြင့် အရေးကြီးသည့်အချက်အလက်များကို အချိန်တိုအတွင်း ရှာဖွေရရှိနိုင်မည် ဖြစ်သည်။

**(၁၃) ဝန်ထမ်းများအကြား ခင်မင်ရင်းနှီးမှု ရှိပါစေ**

လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းအချင်းချင်းနှင့် အထက်အရာရှိတို့အပေါ် ခင်မင်ရင်းနှီး၍ လိုလားဖွယ် အပြုသဘောရှုမြင်ပါ။ လုပ်ဖော်ကိုင်ဖက်များအကြား သင်၏ အမျက်ဒေါသ၊ စိတ်ပျက်မှု သို့မဟုတ် သရော်လိုသည့် အနေအထားတို့မှာ လက်ခံဖွယ်ရာမရှိသဖြင့် မည်သည့်အခါမျှ ထုတ်ဖော်ပြသခြင်း မပြုသင့်ပေ။

တယ်လီဖုန်း ဆက်သွယ်ပြောကြားရာတွင်လည်း ဝန်ထမ်းတိုင်း၏ ပြောဆိုမှုမှာ လုပ်ငန်းဌာန၊ ကုမ္ပဏီ၏ ပုံရိပ်ကို ထင်ဟပ်စေသည့်အလျောက် အပြုသဘောဆန်သည့်၊ လိုလားနှစ်သက်ဖွယ် တက်ကြွမှုရှိသည့် အနေအထားမျိုးဖြင့် ပြောဆိုသင့်သည်။

**(၁၄) အဖွဲ့လိုက် စုပေါင်းဆောင်ရွက်တတ်မှု**

အဖွဲ့လိုက် စုပေါင်းဆောင်ရွက်တတ်သည့် အဖွဲ့သားတစ်ဦးဖြစ်ပါစေ။ သင်၏အတွေးအခေါ်၊ အယူအဆ၊ လုပ်ငန်းပိုင်းအတွေ့အကြုံ၊ သတင်းအချက်အလက်များနှင့် ပုံစံများကို လိုလိုလားလားမျှဝေခြင်းဖြင့် သင်၏လုပ်ဖော်ကိုင်ဖက်များက ယင်းတို့ကို အသစ်မှပြန်လည်စတင်ရန် လိုအပ်တော့မည် မဟုတ်ပေ။ ဤနည်းဖြင့် လုပ်ဖော်ကိုင်ဖက်များအကြား တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**(၁၅) လုပ်ငန်းခွင်၌ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ**

လုပ်ငန်းခွင်၌ ကိုယ်ရေးကိုယ်တာ ဖုန်းပြောမှုများ၊ အီးမေးလ်အဆက်အသွယ်များ၊ SMS များ ပေးပို့ခြင်းတို့အတွက် အချိန်များစွာယူခြင်း၊ လက်ဖက်ရည်သောက်ရန် မကြာခဏ အပြင်ထွက်ခြင်းတို့ကို ဆင်ခြင်သင့်သည်။ အခြားဝန်ထမ်းများ၏ လုပ်ငန်းနေရာ၊ စားပွဲခုံ စသည်တို့ကိုလည်း မလေးမစား မပြုသင့်ပေ။ ကိုယ်ရေးကိုယ်တာကိစ္စရပ်များအတွက် ရုံးသုံးစက္ကူများ၊ စာရေးကိရိယာများအား အသုံးပြုခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။

**(၁၆) စာအရေးအသား**

သင်၏ စာအရေးအသားပိုင်း၊ အစီရင်ခံစာ ရေးသားပြုစုသည့်အပိုင်း အရည်အသွေးကို ပိုမိုကောင်းမွန်စေမည့် တစ်ခုတည်းသောနည်းလမ်းမှာ လေ့ကျင့်မှုပိုမိုပြုလုပ်ခြင်းပင် ဖြစ်သည်။

**(၁၇) စာဖတ်ခြင်း**

စာအရေးအသားပိုင်း အရည်အချင်းကဲ့သို့ ထပ်တူအရေးကြီးသည်မှာ စာဖတ်သည့် အလေ့အထပင်ဖြစ်သည်။ စာဖတ်သည်ဟုဆိုရာတွင်လည်း ဖတ်သည့်အကြောင်းအရာအပေါ် နားလည်သဘောပေါက်ပြီး အရေးကြီးသည့် အယူအဆ၊ အချက်အလက်၊ ကိန်းဂဏန်းများနှင့် ညွှန်ကြားချက်များကို ကောင်းစွာခြုံငုံမိရန် လိုအပ်သည်။

**(၁၈) ဦးစားပေးရမည့် လုပ်ငန်းရွေးချယ်နိုင်ခြင်း**

မည်သည့်အလုပ်ကို ဦးစားပေး၍ မည်သည့်ကိစ္စကို နောက်ပိုင်းမှလုပ်ဆောင်ရမည်ကို ခွဲခြားဆောင်ရွက်တတ်ခြင်းမှာ အရေးကြီးသည့် အရည်အချင်းတစ်ရပ်ပင် ဖြစ်သည်။ လုပ်ငန်းအပေါ် အလေးထား၍ သတ်မှတ်ထားသည့် နောက်ဆုံးနေ့ရက်မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ပါ။ နောက်ဆုံးအချိန်ပိုင်းမှ လုပ်ဆောင်ရမည့် စီမံချက်များကို စိတ်အေးလက်အေး ဆောင်ရွက်နိုင်ရေးအတွက် တစ်နေ့တာအလိုက် လုပ်ဆောင်ရမည့်အလုပ်နှင့် ရက်သတ္တတစ်ပတ်စာလုပ်ဆောင်ရမည့် ကိစ္စရပ်များကို စီမံခန့်ခွဲထားရှိသင့်သည်။

**(၁၉) စာရွက်စာတမ်းများ စနစ်တကျဖိုင်တွဲခြင်း**

ဝန်ထမ်းများအနေဖြင့် အထက်တာဝန်ရှိသူတို့က ချက်ချင်းသိရှိလို၍ မေးမြန်းလာမှုများကို ဖြေကြားနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများကို တိုတောင်းသည့် အချိန်အတွင်း ပြန်လည်ရှာဖွေရန် အခြေအနေမျိုးနှင့် တစ်ကြိမ်မဟုတ် တစ်ကြိမ် ကြုံတွေ့ရမည် ဖြစ်သည်။ ယင်းအချိန်မျိုးတွင် အထက်တာဝန်ရှိသူတို့ကို အချိန်ပေးစောင့်ဆိုင်းရန် မေတ္တာရပ်ခံ၍ရမည် မဟုတ်သဖြင့် စာရွက်စာတမ်းများအား စနစ်တကျဖိုင်တွဲရေးမှာ အရေးကြီးသည့် အလေ့အကျင့်တစ်ခုပင် ဖြစ်သည်။ သံဗီရိုများအတွင်း သိမ်းဆည်းထားသည့် ဖိုင်တွဲများဖြစ်စေ၊ ကွန်ပျူတာအတွင်း သိမ်းဆည်းထားသည့် ဖိုင်တွဲများဖြစ်စေ စနစ်တကျသိမ်းဆည်းထားရန် အရေးကြီးသည်။

**(၂၀) တာဝန်ဝတ္တရား**

လုပ်ငန်းခွင်၌ သင်၏တာဝန်ဝတ္တရား အဝန်းအဝိုင်းကို ကောင်းစွာသိရှိပြီး ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်ကို ခိုင်ခိုင်မာမာ သတ်မှတ်လုပ်ဆောင်သင့်သည်။

သင့်အနေဖြင့် အထက်ဖော်ပြပါ အလေ့အထကောင်းများကို တတ်နိုင်သမျှ မြန်ဆန်စွာ လေ့ကျင့်ပျိုးထောင်နိုင်သည်နှင့်အမျှ လုပ်ငန်းခွင်အသစ်၊ လုပ်ငန်းဌာနအသစ်၊ ကုမ္ပဏီအသစ်၌ အရည်အသွေးများ လျင်မြန်စွာ တောက်ပြောင်လာမည်ဖြစ်ပြီး အတူလက်တွဲ ဆောင်ရွက်နေသည့် လုပ်ဖော်ကိုင်ဖက်များ၏ လေးစားမှုကိုလည်း ရရှိစေမည်ဖြစ်သည်။ ။

Ref: Jesu, Bernadette. "20 good work habits to develop." The Star 1 Oct. 2011: Star Classifieds

Maung Koung Mon. "ဖော်ထုတ်ထိန်းသိမ်းသင့်သည့် လုပ်ငန်းခွင်အလေ့အကျင့်များ." A–pyin–si. November 2011


# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးဆိုင်ရာနည်းလမ်းများ ပြည်သူများလိုက်နာဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ ဇူလိုင် ၂၀**
လူထူထပ်သောနေရာများသို့ သွားလာခြင်း၊ ရောဂါပိုးရှိသူနှင့် နီးကပ်စွာနေထိုင်ခြင်းနှင့် လေဝင်လေထွက်မကောင်းသော နေရာများတွင် နေထိုင်ခြင်း စသောအချက်များကို ရှောင်ရှားခြင်းဖြင့် ကိုဗစ်-၁၉ရောဂါ တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြရန် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံသားများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

လူမှုမီဒီယာဖြစ်သော ဖေ့စ်ဘွတ်တွင် ၃စီဟု အမည်ရသော အထက်ပါအချက်သုံးချက်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။ ယင်းအချက်သုံးချက်ကို မရှောင်ရှားနိုင်ပါက ရောဂါဖြစ်ပွားမှုများ မြင့်တက်နေမည်ဖြစ်ပြီး အသွားအလာကန့်သတ်မှုရုပ်သိမ်းပြီးချိန်တွင်ပင် အဆိုပါအချက်များကို ရှောင်ရှားသွားရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ထို့အပြင် ပြည်သူများလိုက်နာဆောင်ရွက်ရမည့် အချက်ငါးချက်ဖြစ်သော လူထူထပ်သောနေရာများကို ရှောင်ရှားခြင်း၊ လူတစ်ဦးနှင့်တစ်ဦးအကြား တစ်မီတာခြားပြီးနေထိုင်ခြင်း၊ လေဝင်လေထွက်ကောင်းစေရန် ပြတင်းပေါက်များ ဖွင့်ထားခြင်း၊ လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်ကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ






# အိန္ဒိယမြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သုံးဦးသေ၊ ခုနစ်ဦး ပျောက်ဆုံး

**နယူးဒေလီ ဇူလိုင် ၂၀**
အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းထူထပ်ရာ ဥတ္တရာခန်းပြည်နယ်ရှိ ကျေးရွာနှစ်ရွာ၌ ယမန်နေ့ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိကာ ခုနစ်ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရ တာဝန်ရှိသူတစ်ဦးက ယနေ့အတည်ပြုပြောကြားသည်။

သေဆုံးသူသုံးဦးမှာ မိသားစုတစ်စုတည်းမှဖြစ်ပြီး သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ်ရှိကြောင်း ၎င်းက ဆိုသည်။ ဥတ္တရာခန်းပြည်နယ် ပီသိုရာဂတ်ခရိုင်ရှိ ရွာနှစ်ရွာ၌ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ "မနေ့ညက မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့တာပါ။ ခရိုင်အုပ်ချုပ်ရေး၊ ရဲတပ်ဖွဲ့နဲ့ ပြည်နယ်ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့တွေ အခင်းဖြစ်ရာနေရာကို သွားရောက်ခဲ့ပါတယ်။ ဒီနှစ်ရွာက ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ နေရာမှာ ရှိပါတယ်။ ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက ခြေကျင်သွားခဲ့ရတာဖြစ်ပြီး သူတို့ပြန်မလာမချင်း အဆက်အသွယ်မရခဲ့ပါဘူး" ဟု ခရိုင်ပြန်ကြားရေးအရာရှိ ဂါဂျာဂျိုရှီက ပြောသည်။

ဇူလိုင်လတွင်စတင်ပြီး သြဂုတ်လကုန် သို့မဟုတ် စက်တင်ဘာလအထိကြာမြင့်သည့်နှစ်စဉ်မိုးရာသီရောက်တိုင်း တောင်ကုန်းထူထပ်ရာ ဥတ္တရာခန်းပြည်နယ်၌ အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်လေ့ရှိသည်။ အိန္ဒိယနိုင်ငံရှိ တောင်ထူထပ်ရာပြည်နယ်များ၌ မိုးရာသီရောက်လျှင် မိုးသည်းထန်စွာ ရွာသွန်းသောဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

၂၀၁၃ ခုနှစ် ဇွန်လအတွင်း ဥတ္တရာခန်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၅၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

# အများပြည်သူဆိုင်ရာနေရာများတွင် နှာခေါင်းစည်းမဝတ်ဆင်သူများအား ဒဏ်ရိုက်မည့်အစီအစဉ် ပြင်သစ်စတင်ဆောင်ရွက်မည်

**ပါရီ ဇူလိုင် ၂၀**
အများပြည်သူဆိုင်ရာ နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရန် ပျက်ကွက်သူများအား ဒဏ်ငွေအဖြစ် ၁၃၅ ယူရို ပေးဆောင်စေမည့် အစီအစဉ်ကို လာမည့်ရက်သတ္တပတ်တွင် စတင်ပြီး ဆောင်ရွက်ကြောင်း ပြင်သစ်အစိုးရက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတားဆီးရန်အတွက် ပြည်သူများနှင့် သက်ဆိုင်သော နေရာများတွင် နှာခေါင်းစည်း ဝတ်ဆင်ရမည့် ကန့်သတ်ချက်ကို လာမည့်ရက်သတ္တပတ်မှ စတင်ပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျင်းကက်စတက်က ပြောကြားသည်။ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်လည်း ယင်းကန့်သတ်ချက်များကို သတ်မှတ်ထားမည်ဖြစ်သည်။ ဈေးဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် အခြားလူအများနှင့် ဆောင်ရွက်ရသော လုပ်ငန်းများတွင်လည်း အဆိုပါကန့်သတ်ချက် ထားရှိသွားမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ကန့်သတ်ချက်ကို ချိုးဖောက်သူများအား လစဉ်ခရီးသွားစရိတ်၏ နှစ်ဆရှိသော ၁၃၅ ယူရိုကို လာမည့်ရက်သတ္တပတ်မှစ၍ ဒဏ်ရိုက်သွားမည်ဟု ပြောကြားသည်။

ရုံးဝန်ထမ်းများကို သက်ဆိုင်ရာရုံးတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရောဂါကာကွယ်ရန်အတွက် နှာခေါင်းစည်းဝတ်ဆင်ရေး ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။ ပြင်သစ်ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများပြားနေကြောင်း ပြောကြားသည်။

မေ ၁၁ ရက်မှစတင်ပြီး ပြင်သစ်နိုင်ငံတွင် အသွားအလာကန့်သတ်ချက်များကို ရုပ်သိမ်းခဲ့ပြီးနောက် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လုဗ်ပြတိုက်၊ ဒစ်စနေးပျော်ရွှင်ကမ္ဘာနှင့် အီဖယ်မျှော်စင်တို့သို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းများ ဝတ်ဆင်ရန် နိုင်ငံသားများအား ညွှန်ကြားခဲ့သည်။ စားသောက်ဆိုင်ဝန်ထမ်းများနှင့် စားသောက်သူများကိုလည်း နှာခေါင်းစည်းဝတ်ဆင်ရန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ




# အမြင်ချင်းမတူကွဲပြားမှုများ ကိုင်တွယ်ဖြေရှင်းရေး ဒေသဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိဟု အီရန် ပြောကြား




**တီဟီရန် ဇူလိုင် ၂၀**
ဒေသအတွင်း အမြင်ချင်းမတူကွဲပြားခြားနားမှုများအား ကိုင်တွယ်ဖြေရှင်းရေးအတွက် ဒေသဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးရန် အီရန်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အာဘတ်စ်မိုဆာဗီ၏ ပြောကြားချက်ကို တာစနိမ်သတင်းအေဂျင်စီက ယနေ့ကိုးကားဖော်ပြထားသည်။

အီရန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် ဒေသဆိုင်ရာနိုင်ငံအားလုံးနှင့် ညှိနှိုင်းဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အစဉ်အမြဲအဆင်သင့်ရှိကြောင်း မိုဆာဗီက အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်နှင့်အတူ အီရတ်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ဇူလိုင် ၁၉ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်အစိုးရသည် ဒေသအတွင်း တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ငြိမ်းချမ်းမှုတို့ ရရှိရေးအတွက် အစဉ်အမြဲကြိုးပမ်း လုပ်ဆောင်လျက်ရှိကြောင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးနှင့် သာယာဝပြောမှုများအား ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုသည် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်ကြောင်း မိုဆာဗီက ထပ်မံပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်သည် ၎င်း၏ အီရတ်နိုင်ငံခရီးစဉ်အတောအတွင်း အီရတ်သမ္မတ ဘာဟမ်ဆာလိ၊ ဝန်ကြီးချုပ် မူဆတာဖာအယ်လ်ကာဒီမီ၊ နိုင်ငံခြားရေးဝန်ကြီး ဖူအတ်ဟူစိန်နှင့် အခြားအဆင့်မြင့်နိုင်ငံရေးသမား အများအပြားတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇာရစ်သည် အီရတ်တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဒေသဆိုင်ရာနိုင်ငံများအကြား အပြန်အလှန်အကျိုးပြုရေးနှင့် အိမ်နီးချင်း အီရတ်နိုင်ငံနှင့် ဘက်စုံဆက်ဆံရေး တိုးမြှင့်ရေးအတွက် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# ပညာရေးဝန်ထမ်းနှစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် အနောက်ဆူမားတြားရှိ စာသင်ကျောင်းများ ပြန်လည်ပိတ်ခဲ့ရ



ဂျကာတာ ဇူလိုင် ၂၀

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြား၏ ပါရီယာမန်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၌ ပညာရေးဝန်ထမ်းနှစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီးနောက် ယနေ့မှ စတင်ကာ ၎င်းဒေသရှိ စာသင်ကျောင်းများအားလုံးကို ပိတ်ထားခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် သင်ကြားခြင်းသို့ ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကူးစက်ခံခဲ့ရသည့် ပညာရေးဝန်ထမ်းနှစ်ဦးသည် ပြီးခဲ့သည့်သီတင်းပတ်က ပါရီယာမန်မြို့၌ ပညာရေးဝန်ထမ်း ၁၅၀၀ ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပါရီယာမန်မြို့ရှိ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စမ်းသပ်မှုများကို ဇူလိုင် ၁၇ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၉ ရက်၌ ကူးစက်ခံရသူနှစ်ဦးတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ပါရီယာမန်မြို့ ပညာရေးအေဂျင်စီအကြီးအကဲ ကန်ဒါရီက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်နှစ်ဦးအနက်မှ ဆရာတစ်ဦးမှာ ဇူလိုင် ၁၃ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း ကျောင်းသား ၉၀၊ ဆရာ ၄၀ အပါအဝင် အခြားသောပညာရေးဝန်ထမ်းများနှင့်လည်း ထိတွေ့မှုရှိခဲ့ကြောင်း ကန်ဒါရီက ပြောကြားခဲ့သည်။ ပါရီယာမန်မြို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု နည်းပါးသည့်မြို့တစ်မြို့ဖြစ်ကြောင်းလည်း အနောက်ဆူမားတြား၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား-ဂျကာတာပို့စ်**
**ဘာသာပြန်-အလင်းသစ်**

# နိုင်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

အာဘူဂျာ ဇူလိုင် ၂၀

နိုင်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ဂျော့ဖရေးအိုနီမာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး နိုင်ဂျီးရီးယားသမ္မတ မူဟမ်မာဒူဘူဟာရီ၏ ကက်ဘိနက်အဖွဲ့ဝင်များအနက် ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး ဖြစ်လာကြောင်း သိရသည်။

**ဆေးဝါးကုသမှုခံယူလျက်ရှိ**

မိမိမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် သီးခြားခွဲ၍နေရန် သတ်မှတ်ထားသော ဆေးရုံတစ်ရုံသို့ သွားရောက်ပြီး ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ဝန်ကြီးအိုနီမာက ၎င်း၏တွစ်တာစာမျက်နှာပေါ်၌ ရေးသားဖော်ပြထားသည်။

အသက် ၆၄ နှစ်အရွယ်ရှိ အိုနီမာသည် လည်ချောင်းယားနာမှုကြောင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော် လည်ချောင်းယားတာနဲ့ မနေ့က ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စတုတ္ထအကြိမ် စမ်းသပ်စစ်ဆေးခဲ့ရာ ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့တာပါ" ဟု အိုနီမာက ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ထပ်မံဖော်ပြထားသည်။

အိုနီမာသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် အထူးတာဝန်ပေးအပ်ခြင်းခံရသော သမ္မတရုံးမှ အရာရှိများအနက် တစ်ဦးအပါအဝင်ဖြစ်သလို ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း အသွားအလာကန့်သတ်မှုများကြောင့် ပြည်ပနိုင်ငံများ၌ သောင်တင်နေကြသော နိုင်ဂျီးရီးယားပြည်သူများအား အမိမြေသို့ ပြန်လည်ခေါ်ယူရေးလုပ်ငန်းများတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း သိရသည်။



နိုင်ငံခြားရေးဝန်ကြီး ဂျော့ဖရေးအိုနီမာ

လက်ရှိအချိန်၌ နိုင်ဂျီးရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၆၆၆၃ ဦး ရှိလာပြီး ၎င်းတို့ အနက် ၇၇၉ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၅၁၀၅ ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခြောက်လကြာ ပိတ်ထားခဲ့သည့် တရုတ်နိုင်ငံ၏ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကြောင့် ခြောက်လကြာ ပိတ်ထားခဲ့သည့် ရုပ်ရှင်ရုံများကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ကူးစက်မှုနည်းပါးသည့်ဒေသများမှ ရုပ်ရှင်ရုံများကို ယနေ့မှစတင်ကာ ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်းလည်း တရုတ်နိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ရုပ်ရှင်ရုံများကို ဇန်နဝါရီလအစပိုင်းမှစတင်ကာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကြောင့် ပိတ်ထားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ရုပ်ရှင်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်သည်။

တရုတ်နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံ ၆၀၀ ကျော်ရှိပြီး ရုပ်ရှင်ရုံများ ပိတ်ထားခဲ့သည့်အတွက် တရုတ်ယွမ် ၁ ဒသမ ၆ ဘီလီယံ (ပေါင် ၁၈၂ သန်း) ဆုံးရှုံးမှုရှိမည်ဟု မျှော်မှန်းထားကြောင်း တရုတ်နိုင်ငံ၏ အကြီးဆုံးရုပ်ရှင်ရုံကုမ္ပဏီဖြစ်သည့် Wanda Film က ပြောကြားခဲ့သည်။ ရုပ်ရှင်ရုံသို့ လာရောက်ကြည့်ရှုသူများအနေဖြင့် အပူချိန်တိုင်းတာမှုဆောင်ရွက်ရမည်ဖြစ်ပြီး ရုပ်ရှင်လာကြည့်သူများနှင့် ရုပ်ရှင်ရုံဝန်ထမ်းများအနေဖြင့် နှာခေါင်းစည်းများကို အချိန်ပြည့်ဝတ်ဆင်ရမည် ဖြစ်ကြောင်းလည်း သိရသည်။ တရုတ်နိုင်ငံက ရုပ်ရှင်ရုံများ၌ လူဦးရေ ၃၀ ရာခိုင်နှုန်းသာ ဝင်ရောက်ခွင့်ပြုရန်လည်း ကန့်သတ်ထား ကြောင်းသိရသည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**

# ဘိုလီဗီးယား ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

လာပက်ဇ် ဇူလိုင် ၂၀

ဘိုလီဗီးယား ဘောလုံးအဖွဲ့ချုပ် (FBL) ဥက္ကဋ္ဌ ဆီဇာဆာလီနက်စ်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန် ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက




ဘိုလီဗီးယား ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆီဇာဆာလီနက်စ်

ဇူလိုင် ၁၉ ရက်တွင် ကြေညာခဲ့သည်။

"ဘိုလီဗီးယားဘောလုံးအဖွဲ့ချုပ် (FBL) ဥက္ကဋ္ဌ ဆီဇာဆာလီနက်စ်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်သွားပါပြီ" ဟု ဘိုလီဗီးယား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆန်တာမာရီယာက ၎င်း၏တွစ်တာစာမျက်နှာပေါ်၌ ရေးသားခဲ့သည်။ ဆာလီနက်စ် ကွယ်လွန်မှုကို ဝမ်းနည်းစွာဖြင့် အတည်ပြုပါကြောင်း ကိုချာဘမ်ဘာ ဘောလုံးအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဂရိုဗာဗားဂတ်စ်က ပြောကြားခဲ့သည်။

အသက် ၅၈ နှစ်အရွယ် ဆာလီနက်စ်ကို ဘိုလီဗီးယားနိုင်ငံ၏မြို့တော် လာပက်ဇ်မြို့ရှိ ဆေးခန်းတစ်ခုသို့ ဇူလိုင် ၉ ရက်ကတည်းက ပို့ဆောင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ပျောက်ကင်းခဲ့သည့် ဘိုလီဗီးယားလက်ရွေးစင်အသင်း၏ ဂိုးသမား ကားလို့စ်အမ်မီလီယိုလမ်ပေး၏ သွေးရည်ကြည်လှူဒါန်းမှုကို လက်ခံခဲ့ကာ ကုသပေးခဲ့သည်။

လူဦးရေ ၁၁ သန်း ဝန်းကျင်နေထိုင်ရာ ဘိုလီဗီးယားနိုင်ငံ၌ လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာ ၅၈၁၃၆ ဦးနှင့် သေဆုံးသူ ၂၁၀၆ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၄၆၈၂၅၉၁ ဦး

သေဆုံးသူ
၆၀၉၇၃၃ ဦး

ပြန်လည်ကျန်းမာလာသူ
၈၇၆၅၉၇၀ ဦး

# အိန္ဒိယနိုင်ငံ မဟာရတ်ရှ်ထရာပြည်နယ် ဝန်ကြီး၌ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိ

မွမ်ဘိုင်း ဇူလိုင် ၂၀

အိန္ဒိယနိုင်ငံ မဟာရတ်ရှ်ထရာပြည်နယ် အထည်အလိပ်လုပ်ငန်းဝန်ကြီးနှင့် ကွန်ဂရက်ခေါင်းဆောင် အစ္စလာမ်ရှိတ်ခ်တွင် ယနေ့ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း ဝန်ကြီး ရှိတ်ခ်က ယနေ့နံနက်ပိုင်းတွင် ၎င်း၏တွစ်တာစာမျက်နှာ၌ ကြေညာခဲ့သည်။

"ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိခဲ့ပြီး လက်ရှိမှာ ရောဂါ လက္ခဏာမပြသဘဲ သီးသန့်ခွဲနေပါတယ်။ ကျွန်တော်နဲ့ ထိတွေ့ခဲ့သူအားလုံး ရောဂါစမ်းသပ်မှုပြုလုပ်ဖို့ မေတ္တာရပ်ခံပါတယ်။ "ပြည်သူတွေအတွက် ကျွန်တော် နေအိမ်ကနေ တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မဟာရတ်ရှ်ထရာပြည်နယ်မှာ အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု ဘေးအသင့်ဆုံးပြည်နယ်ဖြစ်ပြီး ကူးစက်လူနာ သုံးသိန်းကျော်နှင့် သေဆုံးသူ ၁၁၈၀၀ ဦး ရှိသည်။ မွမ်ဘိုင်းမြို့တော်၌ နေ့အလိုက် ကူးစက်မှုနှုန်း ကျဆင်းခဲ့သည်။

မွမ်ဘိုင်းမြို့တော်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၂၀၀၀၀ ကျော်နှင့် သေဆုံးသူ ၅၇၀၀ ကျော်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၄၀၀၀၀ ကျော် တွေ့ရှိခဲ့ရာ လက်ရှိအချိန်ထိ ရောဂါကူးစက်သူ စုစုပေါင်း ၁ ဒသမ ၁ သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။

**ကိုးကား-အိန္ဒိယတူဒေး**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဥရောပသမဂ္ဂဆွေးနွေးပွဲ ရက်တိုးမြှင့်ခြင်းအား ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကြိုဆို

**ဘာလင် ဇူလိုင် ၂၀**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ကိုရိုနာဗိုင်းရပ်စ်အပြီးကာလ စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေ သတ်မှတ်ရေးဆွေးနွေးပွဲအား ရက်တိုးမြှင့်လိုက်ခြင်းအပေါ် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမတ်စ်က ကြိုဆိုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်ကြရန် ယနေ့ ပြောကြားခဲ့သည်။

"ဘရပ်ဆဲလ်မှာ ကျင်းပနေတဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေဟာ အရေးကြီးတဲ့ ကဏ္ဍကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးသူအားလုံးအနေနဲ့ ပဋိပက္ခကို ရှောင်ရှားပြီး အဖြေရှာနိုင်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲကို ရက်တိုးမြှင့်ခဲ့ခြင်းသည် ဥရောပဒေသအား စည်းလုံးညီညွတ်စေရန်အတွက် ကြီးမားသော အားထုတ်ကြိုးပမ်းမှုများ လိုအပ်နေသည်ကို ပြသခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများသည် ယနေ့ညပိုင်းအထိ ဆွေးနွေးခဲ့ကြသည်။

ယခုဆွေးနွေးပွဲသည် ကိုရိုနာဗိုင်းရပ်စ်အပြီးကာလတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ယူရိုငွေ ၁ ဒသမ ၈ သန်းတန်ကြေးရှိသော ငွေကြေးအကူအညီပေးရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။ ထို့အပြင် ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းမူဘောင်အရ ယူရိုငွေ တစ်ထရီလီယံထက် ပိုမိုသော ငွေကို အဖွဲ့ဝင်နိုင်ငံများအတွက် စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ပေးအပ်သွားမည်ဖြစ်သည်။

ငွေကြေးစိစစ်ပြီးသုံးစွဲသော နိုင်ငံများဖြစ်သည့် သြစတြီးယား၊ နယ်သာလန်၊ ဆွီဒင်နှင့် ဒိန်းမတ်တို့က အထက်ပါငွေကြေးထောက်ပံ့မည့် အစီအစဉ်တွင် ထည့်ဝင်မည့်ငွေကြေးကို လျှော့ချလိုကြသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ





# ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တတိယအဆင့် လက်တွေ့စမ်းသပ်ခွင့်ပြုမည်

**ဒါကာ ဇူလိုင် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေသည့်အတွက် တရုတ်နိုင်ငံ၏ Sinovac ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်နိုင်မည့် အလားအလာရှိသော ကာကွယ်ဆေးတစ်မျိုးကို တတိယအဆင့် လက်တွေ့စမ်းသပ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

Sinovac ဇီဝနည်းပညာကုမ္ပဏီသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေးအတွက် တဖြည်းဖြည်းလျော့ကျလာစေရန် စမ်းသပ်မှုများဆောင်ရွက်ရေး တရုတ်နိုင်ငံပြင်ပရှိ မိတ်ဖက်အဖွဲ့အစည်းများကို ရှာဖွေလျက်ရှိကြောင်းလည်း ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အမျိုးသားနည်းပညာအကြံပေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဝမ်းပျက်ဝမ်းလျှောရောဂါ သုတေသနစင်တာက ဦးဆောင်ပြုလုပ်မည်ဖြစ်ပြီး လက်တွေ့စမ်းသပ်မှုပိုင်းဆိုင်ရာကို လာမည့်လတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာဆေးရုံ ခုနစ်ခုတွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဝမ်းပျက်ဝမ်းလျှောရောဂါ သုတေသနစင်တာက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယမန်နေ့အထိ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ခံရသူ ၂၀၄၅၂၅ ဦးရှိကြောင်းနှင့် သေဆုံးသူ ၂၆၁၈ ဦးရှိကြောင်းလည်း သိရသည်။

ကိုးကား-ဂျကာတာပို့စ်၊ ဘာသာပြန်-အလင်းသစ်




# အာရပ်စော်ဘွားများပြည်ထောင်စုက အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးဂြိုဟ်တုအား ဂျပန်ဒုံးယာဉ်ဖြင့် လွှတ်တင်

**တိုကျို ဇူလိုင် ၂၀**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံက အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးဂြိုဟ်တုအား ဂျပန်နိုင်ငံလုပ် ဒုံးယာဉ်တစ်စင်းဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယင်းဒုံးယာဉ်ဖြင့် ဂြိုဟ်တုလွှတ်မှုသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ အင်္ဂါဂြိုဟ်သွားရောက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ယင်းခရီးစဉ်သည် အင်္ဂါဂြိုဟ်လေ့လာရေးအစီအစဉ်အား ပိုမိုလုပ်ဆောင်နိုင်သည်ဟု ယူအေအီးနိုင်ငံမှ သိပ္ပံပညာရှင်များနှင့် သုတေသီများက မျှော်လင့်ထားသည်။

"မျှော်လင့်ချက်"ဟု အမည်ရသည့် အဆိုပါဂြိုဟ်တု၏ ခုနစ်လတာကြာမြင့်မည့် အင်္ဂါဂြိုဟ်ခရီးစဉ်ကို ယနေ့နံနက်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုအား အိတ်ချ်-၂ အေအမျိုးအစားဒုံးယာဉ်ဖြင့် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ တာနေးဂါရှိမာ့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ယနေ့နံနက်ပိုင်းတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

မူလအစီအစဉ်အရ အဆိုပါဂြိုဟ်တုအား ဇူလိုင် ၁၅ ရက်တွင် လွှတ်တင်ရန်ဖြစ်သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် လွှတ်တင်မှုအား ရွှေ့ဆိုင်းထားခဲ့ရသည်။ ယူအေအီးနိုင်ငံထူထောင်သည့် နှစ် ၅၀ ပြည့် အထိမ်းအမှတ်ကျရောက်မည့် ၂၀၂၁ ခုနှစ်တွင် ယင်းဂြိုဟ်တုအား အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းသို့ ရောက်ရှိရန် စီစဉ်ထားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဆိုးလ် ဇူလိုင် ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ ပြည်ပမှ ဝင်ရောက်လာသည့် လူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်နေစဉ် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင် ၁၀ ဦးတို့သည် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့က ယနေ့ ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် ၎င်းတို့၏ မိသားစုဝင် လေးဦးတို့သည် ဇူလိုင် ၁၂ ရက်နှင့် ၁၅ ရက်အကြားက အမေရိကန်ပြည်ထောင်စုမှ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးနှင့် ၎င်းတို့၏ မိသားစုဝင် လေးဦးတို့သည် ဇူလိုင် ၁၂၊ ၁၄ နှင့် ၁၅ ရက်တို့တွင် အမေရိကန်ပြည်ထောင်စုမှ စင်းလုံးငှားလေယာဉ်ဖြင့် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်စခန်းဖြစ်သည့် အိုဆန်လေတပ်အခြေပြုစခန်းသို့ အသီးသီး ရောက်ရှိခဲ့ကြသည်။ အိုဆန်လေတပ်အခြေပြုစခန်းသည် မြို့တော် ဆိုးလ်မှ တောင်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာရှိ ပြောင်တက်ခ်အရပ်တွင် တည်ရှိကြောင်း သိရသည်။

ကျန်အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည် ဇူလိုင် ၁၃ ရက်က အမေရိကန်ပြည်ထောင်စုမှ ကုန်သွယ်ရေးလေယာဉ် တစ်စင်းဖြင့် မြို့တော်ဆိုးလ်မြို့၏ အနောက်ဘက်တွင် တည်ရှိသော အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အမေရိကန်တပ်ဖွဲ့ဝင် အားလုံးကို ပြောင်တက်ခ်အရပ်တွင် တည်ရှိသော အိုဆန်လေတပ်အခြေပြုစခန်းရှိ ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် သတ်မှတ်ထားသော သီးခြားစောင့်ကြပ်ကြည့်ရှုရေးစင်တာသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၉၈ ဦး ရှိလာကြောင်း သိရသည်။ ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၃၇၇၁ ဦး ရှိလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသော အဆိုပါ ၂၆ ဦးအနက် ၂၂ ဦးသည် ပြည်ပနိုင်ငံများမှ ရောက်ရှိလာသူများဖြစ်ပြီး ယခုအခါ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၆၇ ဦး ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျော်တီ

■

# တူရကီလေကြောင်းလိုင်းများက အီရန်နှင့် အာဖဂန်နစ္စတန်သို့ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည့်အစီအစဉ် ရပ်ဆိုင်း

**အစ္စတန်ဘူလ် ဇူလိုင် ၂၀**

တူရကီလေကြောင်းလိုင်းများက အီရန် နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ ပြေးဆွဲမည့် လေကြောင်းခရီးစဉ်များ ပြန်လည်စတင်မည့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်ကို တူရကီနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် အဆောက်အအုံဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို ဆန့်ကျင်သည့် အစီအမံများ လုပ်ဆောင်နေခြင်းကြောင့် အီရန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်ကမူ တူရကီလေကြောင်းလိုင်းများအနေဖြင့် အီရန်နိုင်ငံသို့ ဩဂုတ် ၁ ရက်တွင်လည်းကောင်း၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဇူလိုင် ၁၉ ရက်တွင် လည်းကောင်း လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပျံသန်းမည်ဖြစ်ကြောင်း ကြေညာထားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါအစီအစဉ်များအား တူရကီလေကြောင်းလိုင်းများက ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများကို နှစ်လနီးပါးကြာသည်အထိ ရပ်နားထားခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်ကာ နိုင်ငံတကာလေကြောင်းလိုင်းများကို တဖြည်းဖြည်းပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဖားကန့် ဝေခါမှော်၌ ကျင်းဟောင်းဘက်သို့ တတိယအကြိမ် မြေပြိုကျမှု ထပ်မံဖြစ်ပွား

**ဖားကန့် ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေခါမှော် လခူးချောင်မှ ဇူလိုင် ၂ ရက်က ကျောက်မျက်လုပ်ကွက်များ တူးဖော်ရပ်နားခဲ့သည့်ရေအိုင်ဘက်သို့ ကျင်းကမ်းပါးမြေပြိုခဲ့ရာနေရာ၌ ယနေ့နံနက် ၃ နာရီခွဲခန့်က မြေပြိုကျမှုထပ်မံဖြစ်ပွားခဲ့ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ် ၁၂ လုံး၊ သက်တမ်းကုန်ရပ်နားထားသည့်လုပ်ကွက်အတွင်းမှ ကုမ္ပဏီအဆောင်နှစ်လုံးနှင့် ဘက်ဟိုးတစ်စီးတို့ မြေပြိုမှုတွင်ပါဝင်သွားခဲ့ကြောင်း သိရသည်။

ယနေ့ဖြစ်ပွားသည့် ဝေခါမှော် မှော်သစ်ကုန်း မြေပြိုမှုသည် လူအမြောက်အမြား သေဆုံးခဲ့ရသည့် ဇူလိုင် ၂ ရက်ဖြစ်စဉ်ပြီးနောက် ဇူလိုင် ၁၀ ရက်က ဒုတိယအကြိမ်နှင့် ယနေ့သည် တတိယအကြိမ်မြောက် မြေပြိုကျမှုဖြစ်ပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဖားကန့် ဝေခါမှော်၌ မြေပြိုမှုများဆက်လက်ဖြစ်ပွားနိုင်ပြီး မြေသားအက်ကြောင်းများ ဖြစ်ပေါ်နေသည့် မှော်သစ်ကုန်းမှ နေအိမ် ၃၉ လုံး၊ ခကျန်မှ နေအိမ် ၁၈ လုံးနှင့် လခူးချောင်မှ နေအိမ် ၂၈ လုံး စုစုပေါင်း နေအိမ် ၈၅ လုံးအား လူနေထိုင်ခြင်းမပြုဘဲ အမြန်ဆုံးပြောင်းရွှေ့ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့က ကြိုတင်စီစဉ် ဆောင်ရွက်ထားခဲ့သည့်အတွက် ယခု မှော်သစ်ကုန်းမြေပြိုမှုတွင် လူသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ဝေခါကျေးရွာတာဝန်ခံ ဦးကျော်မင်းက "ခုမြေပြိုတဲ့ မှော်သစ်ကုန်း အပိုင်း(၂)က အိမ် ၃၉ လုံးကို ရပ်ကွက်(၅)မှာ နေရာချထားပေးပါတယ်။ ပြောင်းရွှေ့ကြေးအနေနဲ့လည်း ကုမ္ပဏီတွေနဲ့ညှိပြီး သင့်တော်သလိုစီစဉ်ပေးပါတယ်။ တချို့အိမ်က ကျပ်သိန်း ၄၅၀၊ တချို့က ကျပ်သိန်း ၂၀၀ ရကြပါတယ်။ ပြောင်းရွှေ့နေထိုင်ရမယ့် ရပ်ကွက်(၅)မှာတော့ မဲနှိုက်ပြီး နေရာချထားပေးပါတယ်"ဟု ပြောသည်။

နေအိမ်များ ပြောင်းရွှေ့ရန် နစ်နာကြေးထောက်ပံ့ပေးသည့် ကုမ္ပဏီများမှာ ဧရာ၊ ရတနာကြယ်နှင့် မိုးမင်းထက်ကုမ္ပဏီတို့ဖြစ်ကြောင်း ဦးကျော်မင်းက ဆက်လက်ပြောပြသည်။

မြေများပြိုကျလျက်ရှိသည့် ကျင်းဟောင်းသည် လုပ်ကိုင်ခွင့်ရစဉ်က အနည်းဆုံး ကုမ္ပဏီငါးခုထက်မနည်း



လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

ဝေခါမှော်၌ ဇူလိုင် ၂ ရက် ဖြစ်စဉ်ကြောင့် ရေမဆေးကျောက်ရှာသူပေါင်း ၁၇၂ ဦး၏ ရုပ်အလောင်းများ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးကြောင်း တိုင်ကြားထားသူ ၂၀ နှင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၄၇ ဦး ရှိကြောင်း သိရသည်။ **တာလင်းမောင်(ပြန်/ဆက်)**

# အမရပူရ၊ တာချီလိတ်၊ လှိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာရှိ ကန်ပတ်လမ်းနွားနို့ဆိုင်အနီး၌ အောင်ကိုကိုထွေး(ခ)ကိုထွေး မောင်းနှင်ပြီး ပပဖြိုး(ခ)ပူစူးမ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၇၅ ပြားကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင်တွေ့ရှိသူ ဇော်မိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ ဟိုတယ်၌ တည်းခိုနေသော စမော(ခ)သက်ဟိန်းစိုး၏အခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၊ အိုက်စ် သုည ဒသမ ၀၁၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



အောင်ကိုကိုထွေး(ခ)ကိုထွေးနှင့် ပပဖြိုး(ခ)ပူစူးမတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လှိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ခွန်တဟွန်းမောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊ မြန်မာငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# အင်းတော်မြို့၌ ရထားလမ်းဖြတ်ကူးစဉ် ရထားကြိုတ်မိ၍ သေဆုံး

**ကသာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်၌ ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်ခန့်က ရထားကြိုတ်ခံရ၍ လူတစ်ဦးသေဆုံးကြောင်း သတင်းအရ ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် မိုင်တိုင်အမှတ်(၅၈၅/၂၃)နှင့် (၅၈၅/၂၄) ကြားတွင် မြစ်ကြီးနားမှ မန္တလေးသို့ အမှတ်(၄၂)အစုန် ရထားအား စက်ခေါင်းမောင်း ဦးလှသိန်းမောင်းနှင်လာစဉ် အာနိုး(ခ)အောင်နိုင်စိုးမှာ ရထားလမ်းအား ဖြတ်ကူးရာမှ ရထားဖြင့်ကြိုတ်မိပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းတော်ရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးမြသက်ထား**

# မန္တလေး-မိုးကုတ်ကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ယာဉ်မောင်းသေဆုံး

**မတ္တရာ ဇူလိုင် ၂၀**

မတ္တရာမြို့နယ် တံငါမြောက်ကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်း၌ ယနေ့နံနက်ပိုင်းက လမ်းခင်းကျောက်များတင်ဆောင်လာသည့် ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၆/၇ နှင့် ၈)ကြားအရောက်တွင် မန္တလေးမှ မိုးကုတ်သို့ ခိုင်မင်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝေဖြိုးအောင် လိုက်ပါလာသည့် လမ်းခင်းကျောက်များ တင်ဆောင်လာသောယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကာလမ်းအနောက်ဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ရာ ဝေဖြိုးအောင်တွင် ဒဏ်ရာရရှိခြင်းမရှိဘဲ ယာဉ်မောင်း ခိုင်းမင်းမှာ ယာဉ်ပေါ်မှ လွင့်စဉ်၍ ကျောက်တုံးများဖြင့် ပိမိဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံ့သာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(ပြန်/ဆက်)**

# မိတ္ထီလာမြို့ရှောင်လမ်း၌ ဆီဘောက်ဆာယာဉ် မီးလောင်

**မိတ္ထီလာ ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာနှင့် သာစည်မြို့နယ်ကြား မိတ္ထီလာမြို့ရှောင်လမ်း ကုန်းတောကျေးရွာ အနီးတွင် ဆီဘောက်ဆာယာဉ်တစ်စီး ယမန်နေ့နံနက် ၇ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ မိတ္ထီလာခရိုင်မီးသတ်စခန်းမှ မီးသတ်ယာဉ် ခြောက်စီး၊ ယင်းတော် နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ သာစည်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ မန္တလေးတိုင်းဒေသကြီး မီးသတ်စခန်းမှ ပိုလန်ဆီမီးငြှိမ်းသတ်ယာဉ် တစ်စီးတို့ လာရောက်ငြှိမ်းသတ်ရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်ပြီး နံနက် ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပြင်ဆင်သိမှတ်ပါရန်

ဇူလိုင် ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ ရဲဘော်ကိုထွေး အတ္ထုပ္ပတ္တိတွင် ဖခင်ဖြစ်သူမှာ ပင်စင်စား စိုက်ပျိုးရေးဝန်ထောက်ဟုလည်းကောင်း၊ ဆဌမမြောက် အထွေးဆုံးသားဖြစ်ပြီး အစ်ကို သုံးယောက်၊ အစ်မ နှစ်ယောက်ရှိသည်ဟု လည်းကောင်း၊ အမည်ရင်းမှာ ကိုထွေးဖြစ်ပြီး ငယ်နာမည် ကိုကို ဟု လည်းကောင်း ပြင်ဆင်သိမှတ်ပါရန် ပန်ကြားအပ်ပါသည်။

(စာတည်းအဖွဲ့)

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြပါရှိသည့် သရက်ချောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား သတင်းတွင် **မကွေးတိုင်းဒေသကြီး** အစား **တနင်္သာရီတိုင်းဒေသကြီး**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(စာတည်းအဖွဲ့)



# မိမိကိုယ်ကို ကာကွယ်



အမြဲကြောက်နေခြင်းမှာလည်း မကောင်းပါကြောင်း၊ ကြောက်ခိုင်းခြင်း မဟုတ်ပါကြောင်း၊ သတိရှိရန် ပြောခြင်းဖြစ်ပါကြောင်း၊ သတိရှိခြင်းနှင့် ကြောက်ခြင်း မတူညီပါကြောင်း၊ အပြင်သွားသည့်အခါ မျက်နှာဖုံး တပ်လိုက်ခြင်းသည် သတိဖြစ်ပါကြောင်း၊ လက်ကို မှန်မှန်သေသေချာချာဆေးခြင်း၊ အိမ်ပြန်လာသည့်အခါတွင် ချက်ချင်းလက်ဆေးခြင်း၊ မျက်နှာဖုံးများချွတ်ပြီး အဝတ်များ ချက်ချင်းလဲခြင်း စသည့်ကိစ္စရပ်များသည် များစွာ အပန်းမကြီးပါကြောင်း၊ ယင်းခြေလှမ်းများလှမ်းခြင်းအားဖြင့် ယခုထက် အပန်းကြီးသည့် အခြေအနေကို မရောက်သွားနိုင်အောင် မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံး သတိပေးနေရခြင်း ဖြစ်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများ နှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၈၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၈၀) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၈) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၆) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခု၊
  စုစုပေါင်း (၁,၀၂၂)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ (၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case- 263, 314)တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၅)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၉-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၀-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၂) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၄၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၇၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၀-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၀၄)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၀-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁)ဦး ရှိပါသည်။

၃။ (၁၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၅၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု
- စုစုပေါင်း (၁,၄၁၉) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၀-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၀၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး) လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)သို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**ကုသနိုင်ရန် စီစဉ်ထား**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်ကာ ကိုဗစ်-၁၉ လူနာများ လက်ခံကုသမှုပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပံ့ပိုး၍ ဆောင်ရွက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတွင် ယခုကဲ့သို့ အရေးကြုံသည့်အခါ နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် မိမိတို့၏ကိုယ်ပိုင်ကိစ္စသဖွယ် အလေးထားကာ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)ကို အချိန်တိုအတွင်း စနစ်တကျပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)တွင် ကိုဗစ်-၁၉ လူနာများကို တစ်ပြိုင်နက်လက်ခံကာ အထူးကြပ်မတ်ကုသဆောင်များ၊ ဆေးနှင့် စက်ပစ္စည်းကိရိယာများ စုံလင်စွာဖြင့် အရည်အသွေးပြည့်ဝသော ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရသော ကျန်းမာရေးဝန်ထမ်းများအတွက် စိတ်ဓာတ်ရေးရာယုံကြည်မှုကိုလည်း ရရှိစေပါကြောင်း၊ ယခုလက်ရှိတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်လျက်ရှိပါကြောင်း၊ ထိုသို့ထိန်းချုပ်နိုင်သည်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှု၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁ ဦးရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသမှုခံယူရသူ ၂၀ နှင့် အသက်ရှူစက် အသုံးပြုခဲ့ရသူ ငါးဦးသာ ရှိပါကြောင်း၊ လက်ရှိအချိန်၌ ဆေးရုံအသီးသီးတွင် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသမှုခံယူသူ တစ်ဦးမျှမရှိပါကြောင်း၊ ထိုသို့ လူနာများ ကောင်းမွန်စေရန် ကုသမှုပေးနေသော ဆရာဝန်၊ သူနာပြု၊ ကုသမှုအထောက်အကူပြု ပညာရှင်များ၏ စွမ်းရည်မြင့်မားမှုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်း မဖြစ်ပွားစေရေးအတွက် နယ်စပ် ဝင်၊ ထွက်ပေါက်များနှင့် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာများ သတ်မှတ်ချက်၊ စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ တိကျစွာဆောင်ရွက်မှု ရှိ၊ မရှိ ဆန်းစစ်အကဲဖြတ်ခြင်း (monitoring) ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် စီမံခန့်ခွဲမှု၊ ကဏ္ဍစုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှု၊ ဖွင့်လှစ်ပြီးနောက် လူနာများလက်ခံကုသမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ဝန်ကြီးဌာနရှိ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ချုပ်ရေး မဟာဘွဲ့သင်တန်း တက်ရောက်နေသူများက လာရောက်လေ့လာမှုများ ပြုလုပ်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာ လမ်းညွှန်များကို ပြုစုထားရှိပြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မှုများ မှတ်တမ်းစာအုပ်ကို ပြုစုနေသည်မှာ အထူးကောင်းမွန်ပါကြောင်း၊ ယခုအတွေ့အကြုံများသည် နောင်အခါ အလားတူကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရင်ဆိုင်ရသည့်အခါ များစွာ အသုံးကျ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)မှ တာဝန်ရှိသူများအနေဖြင့် မျက်နှာချင်းဆိုင် (သို့မဟုတ်) Video Conferencing စနစ်ဖြင့် အစည်းအဝေးများပြုလုပ်ကာ တိုင်ပင်ဆွေးနွေးညှိနှိုင်းနေမှုများသည် ကောင်းမွန်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)အတွက် ပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ရာတွင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ စတင်ချိန်က ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ၁၈၀ နှင့် နီးနွယ်ဆက်စပ်တာဝန်ဆောင်ရွက်သူ ၂၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာမှ ယခုအခါ လူနာများ တက်ရောက်မှုအခြေအနေနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ၁၀၀ နှင့် နီးနွယ်ဆက်စပ်တာဝန်ဆောင်ရွက်သူ ၁၈၀ ခန့်တို့ဖြင့် ဆက်လက်ဆောင်ရွက်နေမှု၊ ကြီးကြပ်မှုကော်မတီအစည်းအဝေးများ ပုံမှန်ပြုလုပ်ကာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက်ကိုဗစ်-၁၉ရောဂါကုသရေးဌာန(ဖောင်ကြီး)၏ ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ဒေါက်တာကိုကိုနိုင်က ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရာ၌ လူနာဆောင်များအဖြစ်ထားရှိနိုင်ရန် ပြုပြင်မွမ်းမံခဲ့မှု၊ လူနာဆောင်များအတွက် Liquid oxygen plant အပါအဝင် အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်မှု၊ အထူးကြပ်မတ်ကုသဆောင်များ စီစဉ်မှု၊ စက်ပစ္စည်းကိရိယာများ တပ်ဆင်မှု၊ CCTV ကင်မရာများ တပ်ဆင်မှု၊ အင်တာနက်လိုင်းများ တပ်ဆင်မှု၊ ဆေးနှင့်ဆေးပစ္စည်းစတို၊ ဓာတ်ခွဲခန်း၊ CT နှင့် ဓာတ်မှန်ဆောင်စီစဉ်မှု၊ လုံခြုံရေးကိစ္စရပ်များ၊ လူနာများ သယ်ယူပို့ဆောင်ရန် စီစဉ်မှု စသည့်လုပ်ငန်းများအား ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီးတွင် လူနာပေါင်း ၁၄၉ ဦးကို ကုသမှုပေးခဲ့ပြီး ၁၃၂ ဦး ဆေးရုံဆင်းခဲ့သည်။ လက်ရှိတွင် ၁၇ ဦးအား ကုသမှုပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်မှုများ မှတ်တမ်းစာအုပ်ပြုစုနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ ကုသရေးဌာန ဖွင့်လှစ်ဆောင်ရွက်မှုတွင် ဘေးထွက်အကျိုးအမြတ်အဖြစ် စီမံခန့်ခွဲအုပ်ချုပ်မှု၊ ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ကုသမှုအတွေ့အကြုံကောင်း များစွာရရှိပါကြောင်း၊ မိမိတို့အနေဖြင့် စီမံခန့်ခွဲမှုနှင့် ကုသရေးဆိုင်ရာ အစည်းအဝေးများကို ပုံမှန်ပြုလုပ်ကာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတိုင်ပင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ပြင်ဆင်ထားပြီးဖြစ်**

ဆက်လက်၍ ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ဆေးပညာဌာန ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)တွင် လက်ရှိ၌ လူနာ ၅၀၀ အား ထားရှိကုသနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကာ လိုအပ်ပါက လူနာ ၂၀၀၀ ခန့်အထိ ထားရှိနိုင်ရန် ပြင်ဆင်သွားနိုင်ရန် စီစဉ်ခဲ့ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲထားရှိကာ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)ရှိ အထူးကြပ်မတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လှိုင်လင်မြို့ရှိ မသန်စွမ်းများနှင့် အနာကြီးရောဂါကုဂေဟာသို့ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီက စားနပ်ရိက္ခာများ လှူဒါန်း

**တောင်ကြီး ဇူလိုင် ၂၀**

လွိုင်လင်မြို့ရှိမသန်စွမ်းများနှင့် ဟိုခိုက်ကျေးရွာရှိ အနာကြီးရောဂါကုဂေဟာသို့ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီက ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် ရှမ်းတောင်ပရဟိတညီနောင်များ ကွန်ရက်မှ ကြက်သွန်နီ၊ အာလူး၊ ကြက်ဥနှင့် ဖျော်ရည်ဘူးများ စသည့် စားနပ်ရိက္ခာများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်၊ ဦးသူရစောသိန်းနှင့် ကော်မတီဝင်များ၊ ရှမ်းတောင်ပရဟိတ ညီနောင်များကွန်ရက်မှ ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လွိုင်လင်မြို့ အမှတ်(၁) ရပ်ကွက်သို့ ရောက်ရှိပြီး လွိုင်လင်မြို့ရှိ မသန်စွမ်းများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ပါဝင်သည့် အထုပ် ၈၀ နှင့် ဖျော်ရည်ဘူးများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် လွိုင်လင်မြို့ ဟိုခိုက်ကျေးရွာ အနာကြီးရောဂါကုဂေဟာသို့ ရောက်ရှိပြီး အနာကြီးအတွက် ဆန် ၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် အထုပ် ၃၀၀ ၊ ကြက်သွန်နီ ပိဿာ ၃၀၀၊ အာလူးပိဿာ ၃၀၀၊ ကြက်ဥအလုံး ၃၃၀၀ နှင့် ဖျော်ရည်ဘူးများအား ပေးအပ်လှူဒါန်းပြီး ဂေဟာအတွက် အလှူငွေကျပ် ငါးသိန်းခွဲအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထား

**ကော့သောင်း ဇူလိုင် ၂၀**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း ရောက်ရှိရပ်နားထားသည့် MT QIAN TAI 1 ပင်လယ်ကူးသင်္ဘောမှ Sign off ထွက်လာသည့် နေရပ်ပြန်မြန်မာသင်္ဘောသား ၁၀ ဦးအား ယမန်နေ့ ညနေပိုင်းက ကော့သောင်းမြို့သို့ ဝင်ရောက်လာရာ Hotel Quarantine ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောပေါ်မှ Sign off ထွက်လာသည့် အဆိုပါ မြန်မာသင်္ဘောသား ၁၀ ဦးသည် ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် ကပ္ပတိန် ဦးမြတ်မိုးပါ မြန်မာသင်္ဘောသား ၁၀ ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

အဆိုပါသင်္ဘောသည် INK MARINE CO.,Ltd. မှ ကုန်စည်ပို့ဆောင်သည့် သင်္ဘောဖြစ်ပြီး မလေးရှားနိုင်ငံမှ တစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်ကာ သင်္ဘောပေါ်မှ Sign off ထွက်လာသည့် မြန်မာသင်္ဘောသား ၁၀ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် Hotel Quarantine ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ Swb နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

( ခ ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ယင်းတို့နှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းထားများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

(က) ကျောက်မျက်ရတနာများ ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာတန်ဖိုးအပေါ်တွင်လည်းကောင်း၊

( ခ ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းထည်များ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၉ ရာခိုင်နှုန်း |
| ၃ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

( င ) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

( စ ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

( ဒ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူအမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

( ခ ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

( ခ ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

( ဂ ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ-

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

( ခ ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိ ပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေ ချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်း အတွက် ဤဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

(၅) ပုဂ္ဂိုလ်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ကုမ္ပဏီနှစ်ခုကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှ တစ်ဆင့်သော်လည်းကောင်း အောက်ပါအတိုင်း အတာ တစ်ရပ်ရပ်အထိ ထိန်းချုပ်ထားလျှင် ယင်းကုမ္ပဏီနှစ်ခု–

(ကက) ကုမ္ပဏီနှစ်ခုလုံးတွင် မဲပေးနိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

( ခခ ) ကုမ္ပဏီနှစ်ခုလုံးတွင် အမြတ်ဝေစုများကို ရရှိပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

(ဂဂ) ကုမ္ပဏီနှစ်ခုလုံးတွင် မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၂)၊ (၄) သို့မဟုတ် ပုဒ်မခွဲငယ်(၅) တို့ကို ကျင့်သုံးရာ၌ ပုဂ္ဂိုလ်တစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် တွဲဖက်လုပ်ကိုင်သူတစ်ဦးမှ ရည်ညွှန်းထားသည့်အရာများကို ယင်းပုဂ္ဂိုလ်၏ အခြားတွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် ထပ်မံရည်ညွှန်းခြင်းမပြုရ။

**အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း**

၅။ (က) အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း ဆိုသည်မှာ အောက်ပါအခြေအနေများနှင့် ကိုက်ညီသည့် ကုမ္ပဏီတစ်ခုကိုဆိုသည် –

(၁) အောက်ပါရည်ရွယ်ချက် တစ်ခုခုအတွက် သီးသန့်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ခြင်း –

(ကက) ဆင်းရဲနွမ်းပါးမှု၊ ဒုက္ခဖိစီးမှု၊ သို့မဟုတ် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ခံစားနေရသူများအား သက်သာမှုရရှိစေရန် သို့မဟုတ် ပညာရေးတွင် တိုးတက်ဖြစ်ထွန်းစေရန်၊

( ခခ ) ဘာသာရေး ထွန်းကားပြန့်ပွားစေရန်၊

( ဂဂ ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် ဖြန့်ဖြူးခြင်း သို့မဟုတ် သုတေသနပြုလုပ်ခြင်းတို့ အပါအဝင် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရန်။

(၂) ကုမ္ပဏီ၏ ဝင်ငွေ သို့မဟုတ် အခြားရန်ပုံငွေများ၊ သို့မဟုတ် ရရန်ပိုင်ခွင့်များ၏ မည်သည့်အစိတ်အပိုင်းကိုမျှ ကုမ္ပဏီ၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် ယင်းအဖွဲ့ဝင်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ပုဂ္ဂလိက အကျိုးခံစားခွင့်အတွက် အသုံးမပြုခြင်း၊ သို့မဟုတ် အသုံးပြုရန် မရရှိနိုင်ခြင်းနှင့်

(၃) ညွှန်ကြားရေးမှူးချုပ်က ယင်းကုမ္ပဏီကို အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းအဖြစ် စာဖြင့်ရေးသားအကြောင်းကြားလျက် အသိအမှတ်ပြုထားခြင်း။

(ခ) ကုမ္ပဏီသည် အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပေးရန် သတ်မှတ်ထားသည့်ပုံစံဖြင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လျှောက်ထားလာသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေများနှင့် ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားချက်ကို ခွင့်ပြုပေးရမည်။

(ဃ) ကုမ္ပဏီတစ်ခုအား အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုကြောင်း အကြောင်းကြားစာတွင် ဖော်ပြထားသည့်နေ့မှ စတင်သက်ရောက်ပြီး ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ အခြေအနေများနှင့် ကိုက်ညီခြင်းမရှိတော့သည့်နေ့မတိုင်မီနေ့အထိ သို့မဟုတ် အသိအမှတ်ပြုခြင်းကို ရပ်စဲကြောင်း ညွှန်ကြားရေးမှူးချုပ်က ကုမ္ပဏီထံ ရေးသားသည့် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ယင်းထက်နောက်ကျသောနေ့အထိ အကျိုးသက်ရောက်စေရမည်။

(င) အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းခံရသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိတော့ပါက ညွှန်ကြားရေးမှူးချုပ်ထံသို့ စာဖြင့်ရေးသားလျက် ချက်ချင်းအသိပေးရမည်။

**ပြင်ပဈေးကွက်ပေါက်ဈေး**

၆။ (က) ပုဒ်မ ၅၀ နှင့် မဆန့်ကျင်စေဘဲ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလ၌ သာမန်ပြင်ပဈေးကွက်တွင်ရှိသည့် တန်ဖိုးဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို ဆုံးဖြတ်ရန်မဖြစ်နိုင်ပါက ပြင်ပဈေးကွက်ပေါက်ဈေးသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုက ယင်းကာလ၌ သာမန်အားဖြင့် ရရှိနိုင်သည့် အဖိုးစားနားဖြစ်သည်။ ယင်းအဖိုးစားနားသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုနှင့် အမှန်တကယ် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့် တစ်ခုတို့အကြား ခြားနားချက်များကို ထည့်သွင်းစဉ်းစား ကိုက်ညှိထားသည့် အဖိုးစားနားဖြစ်သည်။

(ဂ) ပုဒ်မခွဲ (ခ) ၏ ရည်ရွယ်ချက်များအလို့ငှာ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုသည် အခြားရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုနှင့် လက္ခဏာ၊ အရည်အသွေး၊ ပမာဏ၊ လုပ်ဆောင်ချက်၊ အသုံးပြုပစ္စည်းနှင့် ဂုဏ်သတင်းတို့တွင် တူညီနေလျှင်၊ သို့မဟုတ် နီးနီးစပ်စပ် ဆင်တူမှုရှိလျှင် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်သည် ကျန်ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်နှင့် အလားတူဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) အရ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို မဆုံးဖြတ်နိုင်ပါက ယင်းပြင်ပဈေးကွက်ပေါက်ဈေးသည် ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်သည့် ငွေကြေးပမာဏဖြစ်သည်။ သို့ရာတွင် ယင်းသို့ ပေါက်ဈေးသတ်မှတ်ခြင်းသည် ယေဘုယျအားဖြင့် လက်ခံထားသည့် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံမူများ (generally accepted valuation principles) နှင့် ညီညွတ်မှုရှိစေရမည်။

(င) ဤဥပဒေတွင် အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ကာလတစ်ရပ်တွင်ရှိသည့် တန်ဖိုးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလရှိ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်။

**အမြဲတမ်းလုပ်ငန်းတည်ရာဌာန**

၇။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ အမြဲတမ်းလုပ်ငန်းတည်ရာဌာနသည် ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းနေရာကို ဆိုသည်။

(ခ) အောက်ပါတို့ကို အမြဲတမ်းလုပ်ငန်းတည်ရာဌာနအဖြစ် မှတ်ယူရမည် –

(၁) စီမံခန့်ခွဲသည့်နေရာ၊ အခွဲ(branch)၊ ရုံး၊ စက်ရုံ၊ ကုန်လှောင်ရုံ၊ သို့မဟုတ် အလုပ်ရုံ၊ သို့ရာတွင် ယင်းပုဂ္ဂိုလ်၏လုပ်ငန်းကို ကိုယ်စားပြုရန် (representation) လုပ်ဆောင်မှု တစ်ခုတည်းအတွက်သာ ဆောင်ရွက်သည့်ရုံး မပါဝင်။

(၂) ဓာတ်သတ္တုတွင်း သို့မဟုတ် ကျောက်မျက်ရတနာတွင်း၊ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်း၊ ကျောက်ထုတ်စခန်း၊ သို့မဟုတ် သဘာဝသယံဇာတများကို ရှာဖွေသည့် သို့မဟုတ် တူးဖော်ထုတ်ယူသည့် အခြားနေရာဖြစ်ပြီး ယင်းတို့တွင် တပ်ဆင်ထားရှိသည့် အရာများ၊ အဆောက်အအုံ၊ ရေနံတွင်းတူးစင်၊ သဘာဝသယံဇာတများ ရှာဖွေရာ၌ သို့မဟုတ် တူးဖော်ထုတ်ယူရာ၌ အသုံးပြုသည့် ရေယာဉ်တို့လည်း ပါဝင်သည်၊

(၃) ပုဂ္ဂိုလ်တစ်ဦးက အကြံပေးဝန်ဆောင်မှုများ အပါအဝင်ဖြစ်သည့် ဝန်ဆောင်မှုများကို ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်းပုဂ္ဂိုလ်က ယင်းကဲ့သို့သော ရည်ရွယ်ချက်အတွက် ခန့်အပ်တာဝန်ပေးသည့် ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အခြားသူများဖြင့်ဖြစ်စေ ဆောင်ရွက်ပေးခြင်း၊ သို့ရာတွင် ယင်းသို့သော သဘောသဘာဝရှိသည့် လုပ်ဆောင်ချက်များသည် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ တူညီသော သို့မဟုတ် ဆက်စပ်နေသော စီမံချက်တစ်ခုအတွက် မည်သည့် ၁၂ လတာ ကာလအတွင်း၌မဆို စုစုပေါင်း ရက် ၃၀ ထက် ပိုမိုကြာမြင့်သော ကာလတစ်ခု သို့မဟုတ် ကာလများဖြင့် ဆက်လက်ဖြစ်ပေါ်နေမှသာ ယင်းသို့ အကျုံးဝင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တည်ဆောက်ရေးလုပ်ငန်းခွင်၊ ဆောက်လုပ်ရေး၊ ပေါင်းစည်းတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်တည်ဆောက်ခြင်းဆိုင်ရာ စီမံချက်၊ သို့မဟုတ် ယင်းကဲ့သို့သော လုပ်ငန်းခွင် သို့မဟုတ် စီမံချက်နှင့် ဆက်စပ်နေသည့် ကြီးကြပ်ကွပ်ကဲရေး လုပ်ဆောင်ချက်သည် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်စွာ ဆက်လက်တည်ရှိနေမှသာလျှင် အမြဲတမ်းလုပ်ငန်းတည်ရာဌာနဖြစ်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် စီမံချက် သို့မဟုတ် လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်သည့်အခါတွင် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်ခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးက ဆောင်ရွက်သည့် ဆက်စပ်မှုရှိသော မည်သည့် လုပ်ဆောင်ချက်ကိုမဆို ပထမပုဂ္ဂိုလ်က တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် လုပ်ဆောင်ချက်များကို လုပ်ကိုင်ဆောင်ရွက်သည့် ကာလတွင် ပေါင်းထည့်ရမည်။

(င) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) တွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦး (ယင်းကို "ကိုယ်စားလှယ်" (Agent) ဟု ရည်ညွှန်းမည်) သည် အခြားပုဂ္ဂိုလ်တစ်ဦး၏ (ယင်းကို "အရင်းခံပုဂ္ဂိုလ်" (Principal) ဟု ရည်ညွှန်းမည်) ကိုယ်စားဆောင်ရွက်သည့်အခါ ကိုယ်စားလှယ်သည် အောက်ပါတစ်ခုခုကို ပြုလုပ်ပါက ကိုယ်စားလှယ်သည် အရင်းခံပုဂ္ဂိုလ်၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာန ဖြစ်သည် –

(၁) ပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ် အမည်ဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်အမည်ဖြင့်ဖြစ်စေ ပြုလုပ်စေကာမူ ယင်းပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ်ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန်ညှိနှိုင်းဆွေးနွေးခြင်း၊

(၂) ကိုယ်စားလှယ်သည် ကုန်စည်များကို ထိန်းသိမ်းထားပြီး ယင်းကုန်စည်များကို အရင်းခံပုဂ္ဂိုလ်ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန် သယ်ယူပေးပို့ ဖြန့်ဝေခြင်း၊

သို့ရာတွင် ယင်းကိုယ်စားလှယ်သည် ယင်းကဲ့သို့သော လုပ်ငန်းမျိုးကို ယင်းလုပ်ငန်း၏ သဘောသဘာဝအရ ပုံမှန်ဆောင်ရွက်နေသည့် သီးခြားလွတ်လပ်သော အထွေထွေကိုယ်စားလှယ် မဖြစ်စေရ။

**ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်**

၈။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ) တို့နှင့် မဆန့်ကျင်စေဘဲ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်–

(၁) ယင်းအခွန်နှစ်အတွင်း မြန်မာနိုင်ငံတွင် ၎င်း၏ နေအိမ်ရှိခြင်း၊

(၂) ယင်းအခွန်နှစ်အတွင်း စတင်သည့် သို့မဟုတ် ကုန်ဆုံးသည့် မည်သည့် ၁၂ လတာ ကာလအတွင်းမဆို စုစုပေါင်း အနည်းဆုံး ၁၈၃ ရက်ရှိသည့် ကာလ သို့မဟုတ် ကာလများအတွက် မြန်မာနိုင်ငံတွင် ရှိနေခြင်း၊

(၃) မြန်မာနိုင်ငံသားဖြစ်ပြီး အစိုးရ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အရာရှိ သို့မဟုတ် ဝန်ထမ်းဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အခွန်နှစ်တစ်နှစ် (ဤပုဒ်မတွင် "လက်ရှိအခွန်နှစ်"ဟု ရည်ညွှန်းမည်) တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သူသည် ပြီးခဲ့သည့်အခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်ခဲ့ပါက ယင်းကို ယင်းတစ်ဦးချင်းပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် ပထမဆုံးရှိနေသည့်နေ့မှ စတင်သည့်ကာလအတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် လာမည့်အခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ် မဟုတ်ပါက ယင်းကို ယင်းတစ်ဦးချင်းပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် နောက်ဆုံးရှိနေသည့်နေ့တွင် ကုန်ဆုံးသည့် ကာလအတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ ၂၁ သို့ ○

○ စာမျက်နှာ ၂၀ မှ

**မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေ**

၉။ (က) အောက်ပါအလုပ်အကိုင်မှ ဝင်ငွေတစ်ရပ်ရပ်သည် မြန်မာနိုင်ငံ ရင်းမြစ်မှဝင်ငွေ ဖြစ်သည် –

(၁) ဝင်ငွေကို မည်သည့်နေရာတွင် ပေးချေသည်ဖြစ်စေ ဝန်ထမ်းတစ်ဦးက မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သော အလုပ်အကိုင်မှ ရရှိလာသည့် အတိုင်းအတာအထိဖြစ်သောဝင်ငွေ၊

(၂) အလုပ်အကိုင်ကို မည်သည့်နေရာတွင် ဆောင်ရွက်သည်ဖြစ်စေ မြန်မာနိုင်ငံအစိုးရကသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုယ်စားသော်လည်းကောင်း ဝန်ထမ်းတစ်ဦးသို့ ပေးချေသည့်ဝင်ငွေ။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်က မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ခြင်းကြောင့် ရရှိလာခြင်းဟု မှတ်ယူနိုင်သည့် (Attributable) အတိုင်းအတာအထိဖြစ်သော ဝင်ငွေမှလွဲ၍ ယင်းပြည်တွင်းနေပုဂ္ဂိုလ်ရရှိလာသည့် လုပ်ငန်းမှဝင်ငွေသည် မြန်မာနိုင်ငံ ရင်းမြစ်မှဝင်ငွေဖြစ်သည်။

(ဂ) ပြည်ပနေပုဂ္ဂိုလ်က ရရှိလာသည့် လုပ်ငန်းမှဝင်ငွေသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်မှ ရရှိလာခြင်းဟုမှတ်ယူနိုင်သည့် အတိုင်းအတာအထိ မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည် –

(၁) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် ဆောင်ရွက်သည့်လုပ်ငန်း၊

(၂) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှတစ်ဆင့် ရောင်းချသည့် ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များနှင့် တူညီသော သို့မဟုတ် အလားသဏ္ဍာန်တူသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များကို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်း၌ ရောင်းချခြင်း၊

(၃) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာနမှတစ်ဆင့် ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်ချက်နှင့် တူညီသော သို့မဟုတ် အလားသဏ္ဍာန်တူသော အခြားမည်သည့်လုပ်ငန်းဆောင်ရွက်ချက်ကိုမဆို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါတို့သည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည် –

(၁) မြန်မာနိုင်ငံတွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အငှားချထားခြင်းမှ ရရှိသည့် ငှားရမ်းခ၊

(၂) မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်း၊

(၃) မြန်မာနိုင်ငံရှိ ဆုံးရှုံးနိုင်ခြေတစ်ခုကို အာမခံထားရှိခြင်း သို့မဟုတ် တစ်ဆင့် အာမခံထားရှိခြင်းနှင့် ဆက်စပ်နေသည့် အာမခံပရီမီယံ၊

(၄) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်ခုက မြန်မာနိုင်ငံအတွင်း ဖျော်ဖြေတင်ဆက်မှုမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိသည့် ဝင်ငွေ၊

(၅) ဓာတ်သတ္တု၊ ကျောက်မျက်ရတနာ၊ ရေနံ၊ သို့မဟုတ် အခြားသက်ရှိ သို့မဟုတ် သက်မဲ့ရင်းမြစ်ကို မြန်မာနိုင်ငံ၏ မြေမှဖြစ်စေ၊ ရေပိုင်နက် သို့မဟုတ် သီးသန့် စီးပွားရေးဇုန်မှဖြစ်စေ ထုတ်ယူခြင်းနှင့်သက်ဆိုင်ပါက သဘာဝသယံဇာတဆိုင်ရာ ငွေကြေးပမာဏ၊

(၆) အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ပေါ်ပေါက်သည့် အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ စီမံခန့်ခွဲမှုအခ သို့မဟုတ် နည်းပညာအခ (technical fee) –

(ကက) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှတစ်ဆင့် ယင်းပြည်တွင်းနေပုဂ္ဂိုလ် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၏ အသုံးစရိတ်အဖြစ်မဟုတ်သော ပေးချေခြင်း၊

(ခခ) ပြည်ပနေပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် ယင်းပြည်ပနေပုဂ္ဂိုလ် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၏ အသုံးစရိတ်အဖြစ် ပေးချေခြင်း။

(၇) ပြည်တွင်းနေ ကုမ္ပဏီတစ်ခုက ပေးချေသည့် အမြတ်ဝေစု၊

(၈) ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂၃)၊ ပုဒ်မခွဲငယ်စိတ် (စစ) အရ အမြတ်ဝေစုအဖြစ် မှတ်ယူသည့် ငွေကြေးပမာဏတစ်ရပ်။

**အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု**

၁၀။ ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုများ ဖြစ်သည် –

(က) မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်ပြီး ပြည်ပနေပုဂ္ဂိုလ်တစ်ဦးကို ပေးချေသည့် သို့မဟုတ် ပေးရန်ရှိသည့် အမြတ်ဝေစုများ၊ အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ အာမခံပရီမီယံ၊ စီမံခန့်ခွဲမှုအခများ၊ သဘာဝသယံဇာတဆိုင်ရာ ငွေကြေးပမာဏများ သို့မဟုတ် နည်းပညာအခများ (technical fees)၊

(ခ) ပြည်ပနေဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုကို မြန်မာနိုင်ငံအတွင်း ပြုလုပ်သည့် ဖျော်ဖြေတင်ဆက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ပေးချေမှုများ၊

(ဂ) မည်သည့်ပြည်ပနေပုဂ္ဂိုလ်ကိုမဆို ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် ဖျော်ဖြေတင်ဆက်မှု တစ်ခုအတွက် ပေးချေမှုများ။

**ဥပဒေသည် နိုင်ငံတော်အပေါ် စည်းနှောင်မှုရှိစေခြင်း**

၁၁။ ဤဥပဒေသည် မြန်မာနိုင်ငံအပေါ် စည်းနှောင်မှုရှိစေရမည်။

**အခန်း( ၂ )**

**အခွန်ကျသင့်စေခြင်း**

**ဝင်ငွေခွန်ကျသင့်စေခြင်း**

၁၂။ (က) ဝင်ငွေခွန်ကို အခွန်နှစ် တစ်နှစ်စီအတွက် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ပေးဆောင်ရမည် –

(၁) ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေရှိသူ၊

(၂) ယင်းအခွန်နှစ်အတွင်း အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုတစ်ရပ်ကို ရရှိသူ။

(ခ) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲငယ်(၂) အရ ပေးဆောင်ရန် ငွေကြေးပမာဏများ၏ စုစုပေါင်းဖြစ်သည်။

(ဂ) ပုဒ်မ ၄၁ နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည် –

(၁) ပထမဦးစွာ ဇယား(၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်း သို့မဟုတ် နှုန်းများဖြင့် ယင်းပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို မြှောက်ခြင်း၊

(၂) ဒုတိယအဆင့်အဖြစ် ပုဒ်မ ၄၅ အရ ယင်းအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့်ပြည်ပအခွန်ခုနှိမ်မှုကိုမဆို နုတ်ခြင်းနှင့်

(၃) တတိယအဆင့်အဖြစ် ဤဥပဒေအရ ယင်းနှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့်အခွန်ခုနှိမ်မှုကိုမဆို နုတ်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ကို တွက်ချက်ရာ၌ အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု တစ်ခုစီ၏ စုစုပေါင်းပမာဏ (gross amount) ကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်းဖြင့်မြှောက်ရမည်။

(င) ပုဒ်မ ၉၉၊ ပုဒ်မခွဲ (ဂ) ကို ကျင့်သုံးသည့်အခါမှအပ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့်အခွန်ကို ပုဒ်မ ၉၅ အရ ပေးချေမှုမှ နုတ်ယူထားပြီးဖြစ်လျှင် ယင်းပုဂ္ဂိုလ်၏ အခွန်ပေးဆောင်ရန်တာဝန်သည် ကျေပွန်ပြီး ဖြစ်သည်။

**အခြေပစ္စည်းမှ မြတ်စွန်းခွန် ကျသင့်စေခြင်း**

၁၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါတို့ကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်းပေါ်တွင် အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရမည် –

(၁) ယင်းပုဂ္ဂိုလ်သည် ပြည်တွင်းနေပုဂ္ဂိုလ်ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း အခွန်ကျသင့်သော မည်သည့် ရရန်ပိုင်ခွင့်မဆို၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြည်ပနေပုဂ္ဂိုလ်ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း မြန်မာနိုင်ငံအတွင်း တည်ရှိသည့် အခွန်ကျသင့်သော မည်သည့်ရရန်ပိုင်ခွင့်မဆို။

(ခ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ရရှိလာခြင်းဖြစ်ပြီး အမြတ်အစွန်း ငွေကြေးပမာဏသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားက ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးထက် ကျော်လွန်သော ငွေကြေးပမာဏဖြစ်သည်။

(ဂ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အရှုံးသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ပေါ်ပေါက်ခြင်းဖြစ်ပြီး အရှုံးပမာဏသည် ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးက ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းခြင်းအတွက် အဖိုးစားနားထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို တွက်ချက်ရာ၌ ပုဒ်မခွဲ (ခ) အရ တွက်ချက်ထားသည့် အမြတ်အစွန်းငွေကြေးပမာဏကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်းဖြင့် မြှောက်ရမည်။

(င) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အခွန်နှစ်တစ်နှစ်အတွင်း အရှုံးပေါ်ပေါက်ခဲ့လျှင် ယင်းအရှုံးပမာဏကို ယင်းနှစ်အတွက် အခွန်ကျသင့်သော အခြားရရန်ပိုင်ခွင့် တစ်စုံတစ်ရာကို ထုခွဲရောင်းချခြင်းမှ ထိုပုဂ္ဂိုလ်ရရှိလာသည့် မည်သည့် အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်သည်။

(စ) အရှုံးကို ပုဒ်မခွဲ (င) အရ အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို ယင်းပုဂ္ဂိုလ်က တစ်ဆက်တည်းဖြစ်သည့် လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်သွားနိုင်ပြီး ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွက် အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ရရှိသည့် မည်သည့် အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်ကာ ယင်းအရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ ထိုနည်းအတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အရှုံးတစ်ရပ်ကို ယင်းအရှုံးပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ်ငါးနှစ်ထက်ကျော်လွန်၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(ဆ) ဤပုဒ်မသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် ပုဂ္ဂိုလ်တစ်ဦး၏ဝင်ငွေတွင် ပါဝင်သည့် မည်သည့်ငွေကြေးပမာဏများနှင့်မျှ သက်ဆိုင်ခြင်း မရှိစေရ။

(ဇ) ပုဒ်မခွဲ (က) ပါ ငွေကြေးပမာဏတစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အခြားဥပဒေတစ်ရပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေတွင် အလားတူခွင့်ပြုထားခြင်း မရှိပါက ဥပဒေအရ အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း( ၃ )**

**ဝင်ငွေခွန်**

**အပိုင်း (၁)**

**အခွန်စည်းကြပ်ရန်ဝင်ငွေ**

**အခွန်စည်းကြပ်ရန်ဝင်ငွေ**

၁၄။ (က) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦး၏ အခွန်စည်းကြပ်ရန် ဝင်ငွေသည် –

(၁) ယင်းပုဂ္ဂိုလ်သည် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု တစ်ခုစီ၏ စည်းကြပ်ထိုက်သော ဝင်ငွေစုစုပေါင်းမှ ပုဒ်မ ၃၁ အရ ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်ကို ခွင့်ပြုထားသော လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများကို နုတ်ပယ်၍ ကျန်ရှိသော ဝင်ငွေဖြစ်သည်၊

(၂) ကျန်ကိစ္စရပ်အားလုံးတွင် ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီ၏ စည်းကြပ်ထိုက်သောဝင်ငွေစုစုပေါင်း ဖြစ်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးစီ၏ အခွန်စည်းကြပ်ရန် ဝင်ငွေကို သီးခြားစီ ဆုံးဖြတ်ရမည်။

**အပိုင်း (၂)**

**စည်းကြပ်ထိုက်သောဝင်ငွေ**

**စည်းကြပ်ထိုက်သောဝင်ငွေ**

၁၅။ (က) ပုဂ္ဂိုလ်တစ်ဦး၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီမှ စည်းကြပ်ထိုက်သော ဝင်ငွေကို သီးခြားစီ ဆုံးဖြတ်ရမည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီမှ စည်းကြပ်ထိုက်သောဝင်ငွေကို အောက်ပါ ပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$A - B$$

ယင်းတွင် –

A သည် –

ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင် ရင်းမြစ်သည် ပြည်တွင်း၊ ပြည်ပ မည်သည့်နေရာတွင် ပေါ်ပေါက်သည်ဖြစ်စေ ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ ဖြစ်သည်၊

ပြည်ပနေပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင် ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီမှ ဝင်ငွေဖြစ်ပြီး ယင်းဝင်ငွေသည် မြန်မာနိုင်ငံရင်းမြစ်မှ ပေါ်ပေါက်သည့် အတိုင်းအတာအထိ ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ကုစားမှုများဆောင်ရွက်

**မကွေး ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ရောဂါအလွန်ကာလ၌ ဟိုတယ်၊ မိုတယ်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် နိုင်ငံတော် အစီအစဉ်ဖြင့် ကုစားမှုများစီစဉ်ဆောင်ရွက်နေကြောင်း မကွေး တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က ပြောကြားသည်။

"နိုင်ငံတော်အနေနဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို ပြန်လည်ကုစားဖို့၊ ပြန်လည်စတင်ဖို့ဆိုပြီးတော့ မူဝါဒအရ ဟိုတယ်၊ မိုတယ်တွေအတွက် ချေးငွေလျှောက်ထားခွင့် ရခဲ့ပါတယ်။ ဟိုတယ်၊ မိုတယ် အလုံး ၅၀ ကျော်ရှိတဲ့အနက်က ၁၇ လုံး ချေးငွေလျှောက်ထားခဲ့ပါတယ်။ လတ်တလောမှာ ၁၁ လုံး ချေးငွေရရှိထားပါတယ်" ဟု တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်စိန်က ပြောကြားသည်။

ဟိုတယ်များ၏ အခန်းအရေအတွက်၊ ရင်းနှီးမြှုပ်နှံမှု၊ ပြီးခဲ့သည့်နှစ်နှစ်စာအခွန်ဆောင်ထားမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လည်ပတ်မည့်စီမံချက်များအပေါ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက စိစစ်တင်ပြကာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်က အဖွဲ့နှင့် ဆုံးဖြတ်၍ ကျပ်သိန်း ၆၀၀၊ ၄၀၀၊ ၃၅၀ စသည်ဖြင့် သတ်မှတ်ထုတ်ချေးပေးနေခြင်းဖြစ်သည်။

"ခရီးသွားလုပ်ငန်းကြောင့် နစ်နာခဲ့ရတဲ့ ဝန်ထမ်းတွေကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရဲ့ဘတ်ဂျက်နဲ့ မွမ်းမံ



သင်တန်းတွေပေးပြီး တစ်ရက်ကို ကျပ် ၄၈၀၀ နှုန်းထောက်ပံ့ဖို့ အစီအစဉ်ရေးဆွဲပြီးဖြစ်ပါတယ်။ ဇူလိုင်လကုန် ဩဂုတ်လအတွင်းမှာ လုပ်ပေးနိုင်မှာပါ။ လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ဆိုက်ကား၊ မြင်းလှည်း၊ စက်လှေမောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ ဘုရားစောင်း တန်းဈေးသည်များကိုလည်း လုပ်ငန်းအခြေခံများသိရှိဖို့နဲ့ ထောက်ပံ့တဲ့သဘောလည်းဖြစ်အောင်နေ့တွက်ပေးသင်တန်းတွေ ဖွင့်ပေးဖို့ရှိပါတယ်" ဟု တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်စိန်က ရှင်းပြသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှာ မတ်လအတွင်း၌ ၄၀ ရာခိုင်နှုန်း၊ ဧပြီလအတွင်း၌ ၇၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ မေလနှင့် ဇွန်လများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သမျှ အားလုံးနီးပါး ရပ်ဆိုင်းသွားခဲ့ရကြောင်း၊ ဇွန်လ ၃၀ ရက်တွင် ဟိုတယ်၊ မိုတယ်အချို့ကို ပြန်လည်ဖွင့်ခွင့်ပေးခဲ့ပြီး ကုစားမှုအစီအစဉ်များလုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

## လှိုင်ကော်မြို့နယ်၌ စံပြအသင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**လှိုင်ကော် ဇူလိုင် ၂၀**

သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင့်တင်းခိုင်မာသော သမဝါယမအသင်းများ ဖြစ်ပေါ်လာစေရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကယားပြည်နယ် လှိုင်ကော်မြို့နယ် နောင်ယားရပ်ကွက်ရှိ နောင်ယားရောင်းဝယ်ရေးသမဝါယမအသင်းသည် စံပြအသင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအသင်းတွင် ဆိုင်ခန်း ၁၈ ခန်းရှိ၍ အသင်းသားများဖြင့် အကျိုးတူဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ပစ္စည်းဆိုင်၊ အားကစားပစ္စည်းအရောင်းဆိုင်၊ အထည်ဆိုင်၊ တစ်ပိုင်တစ်နိုင် ရိုးရာအစားအသောက်ဆိုင်၊ အပ်ချုပ်ဆိုင်၊ တိုင်းရင်းဆေးပေးခန်းနှင့် အခြားလူသုံးကုန်ပစ္စည်းဆိုင်များအား ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

နောင်ယားရောင်းဝယ်ရေးသမဝါယမအသင်းသည် စံပြအသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးနှင့် အသင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက် မြင့်မားလာစေရေးအတွက် သမဝါယမနည်းလမ်းဖြင့် စဉ်ဆက်မပြတ် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီး၌ လမ်းမီးတိုင် ၂၈၀ စိုက်ထူ

**ကလေး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ညပိုင်းကာလ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မြို့တွင်းလုံခြုံရေးအထောက်အကူရရှိစေရေးအတွက်ရည်ရွယ်၍ လမ်းမီးတိုင် ၂၈၀ ကို တိုးချဲ့တပ်ဆင်စိုက်ထူနေကြောင်း ကလေးမြို့စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"လမ်းမီးတိုင်တွေ အခုစတင်တပ်ဆင်စိုက်ထူနေပါပြီ။ အရင်ကလည်း လမ်းမီးတိုင်တစ်ကြိမ်တပ်ဆင်ပြီးပြီ။ အခုကနောက်ထပ်တိုင်ပေါင်း ၂၈၀ စိုက်ထူပြီး လမ်းမီးထွန်းမယ်။ လမ်းမီးကတော့ အသွားအလာအများဆုံးဖြစ်တဲ့ လမ်းဆုံမီးပွိုင့်နေရာမှာတော့ လေးဖက်လေးတန်နေရာတွေမှာ မီးဆလိုက်ကြီးတွေ တစ်ဖက်သုံးတိုင်စီနဲ့ စုစုပေါင်း ၁၂ တိုင်စိုက်ထူသွားမယ်။ ကျန်တဲ့နေရာတွေကို Single Arm တပ်ဆင်မယ်။ အခုလမ်းမီးတိုင်တွေစိုက်ဖို့ လမ်းဆုံမီးပွိုင့်မှာ ကျင်းတူးတာတွေလုပ်နေပြီး တချို့တပ်ဆင်စိုက်ထူနေပါပြီ။ လမ်းဘေးတွေမှာလည်း တောက်လျှောက်ဆက်လုပ်သွားပြီး လာမယ့်ဩဂုတ်လအတွင်း လုပ်ငန်းတွေအပြီးသတ်ဆောင်ရွက်သွားမယ်လို့သိထားပါတယ်" ဟု ကလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေက ပြောကြားသည်။

ကလေးမြို့တွင် အသွားအလာ၊ အဝင်အထွက်များပြားသည့် လမ်းမကြီးလေးခုရှိရာ ဗိုလ်ချုပ်လမ်း၊ ဘုရင့်နောင်လမ်း၊ ကလေး-ကလေးဝလမ်းပိုင်းတို့၌ ပြီးခဲ့သည့်နှစ်ဆန်းပိုင်းက လမ်းမီးတိုင်ပေါင်း ၂၄၃ တိုင်ကို စိုက်ထူထွန်းညှိပြီးဖြစ်ကြောင်း၊ ယခုအခါ ကျန်ရှိနေသည့်ဗိုလ်ချုပ်လမ်း၊ ကလေး- ကလေးဝလမ်းအထွက်နှင့် ဘုရင့်နောင်လမ်းများတွင် ထပ်မံ၍ လမ်းမီးတိုင်များစိုက်ထူခြင်း၊ လမ်းမီးသီးများတပ်ဆင်ခြင်းတို့ကို တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်တစ်ကြိမ် လမ်းမီးတိုင်ထွန်းညှိစဉ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၂၀၀၊ လွှတ်တော်ကိုယ်စားလှယ်များသုံးစွဲခွင့်ရရှိထားသည့်ငွေမှ ချထားပေးငွေကျပ်သိန်း ၅၀၀ တို့ဖြင့် စိုက်ထူခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်တွင်မူ ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေများလည်းပါဝင်ကြောင်း အဆိုပါကော်မတီမှ ထပ်မံသိရသည်။

ကလေးမြို့ပေါ်ရှိလမ်းများတွင် လမ်းမီးတိုင်စိုက်ထူရန်၊ လမ်းမီးများထွန်းညှိရန်နှင့် မီးဆလိုက်များအသုံးပြုတပ်ဆင်နိုင်ရန် စသည့် မြို့အတွက်အကောင်းမွန်ဆုံးလုပ်ဆောင်ပေးနိုင်မည့် Grace Light ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုတပ်ဆင်အသုံးပြုသည့်လမ်းမီးတိုင်နှင့် လမ်းမီးအတွက် တိုင်တစ်တိုင်လျှင်ငွေကျပ် ၁၇၀၀၀၀ ဝန်းကျင်ကုန်ကျကြောင်း သိရသည်။

**ချင်းတွင်းသား**





# ချင်းပြည်နယ် အောက်လိုင်ဗားဆည်တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဟားခါး ဇူလိုင် ၂၀**

ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမာန်ဟင်ဒါလ်သည် ယမန်နေ့ ညနေပိုင်းက ချင်းပြည်နယ်အတွင်းရှိ တတိယမြောက် ဆည်ရေလှောင်တမံဖြစ်သော အောက်လိုင်ဗားဆည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆောင်၌ အောက်လိုင်ဗားဆည်ကို တာဝန်ယူတည်ဆောက်သည့် သီဟမင်းဆွေကုမ္ပဏီမှ ဆည်တည်ဆောက်ရေးအဖွဲ့တာဝန်ခံ ဦးတိုးမြင့်က ဆည်တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်၊ လုပ်ငန်းပြီးစီးမှုနှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ဆည်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအောက်လိုင်ဗားဆည်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ် ၃၄၆၂ သန်းတွင် တင်ဒါအောင်မြင်သော ငွေကျပ် ၃၀၃၈ သန်းဖြင့် ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်တွင် လုပ်ငန်းတစ်ခုလုံး၏ ၁၀၀ ရာခိုင်နှုန်းပြီးစီးကြောင်း သိရသည်။

အဆိုပါအောက်လိုင်ဗားဆည်သည် ယခင်လိုင်ဗားရေလှောင်တမံ၏အောက်ဘက် တစ်မိုင်ခန့်အကွာ ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင်တည်ရှိ၍ လိုင်ဗားချောင်းကိုအစွဲပြုကာ အောက်လိုင်ဗားရေလှောင်တမံဟုခေါ်ဆိုပြီး ရေဆင်းဧရိယာ ၂ ဒသမ ၅၀ စတုရန်းမိုင်ရှိ၍ နှစ်စဉ်ပျမ်းမျှစီးဝင်ရေပမာဏ ဧကပေ ၄၈၂၀ ရှိကြောင်း သိရသည်။ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ၏အမြင့် ၆၅ပေ၊ တမံ၏ အလျားပေ ၃၃၀ နှင့် ကန်ရေပြည့်သိုလှောင်နိုင်သည့်ပမာဏ ဧကပေ ၈၀၀ နှင့် အသုံးပြုနိုင်သည့် ရေပြည့်ရေလှောင်ပမာဏမှာ ၆၅၅ ဧကပေ (ဂါလန် ၁၇၇ သန်းခန့်) ဖြစ်ကြောင်း၊ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အချင်း သုံးပေဖြင့် Broad Crest ပုံသဏ္ဍာန် သံကူကွန်ကရစ်ရေပိုလွှဲအမျိုးအစားဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်းတွင် ပထမဦးဆုံးဆည်မှာ အထက်လိုင်ဗားဆည်ရေလှောင်တမံဖြစ်ပြီး ဒုတိယဆည်မှာ သီကီရ်ဆည်ရေလှောင်တမံနှင့်တတိယမြောက်ဆည်မှာ အောက်လိုင်ဗားဆည်ဖြစ်ကာ အောက်လိုင်ဗားဆည်တည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အထက်လိုင်ဗားတမံရေဆင်းဧရိယာများမှ စီးဆင်းလာသောရေများကို သိုလှောင်ထိန်းသိမ်းခြင်း၊ အထက်လိုင်ဗားတမံရေပိုလွှဲမှ လျှံကျလာမည့်ရေများအား ဆုံးရှုံးမှုမရှိစေဘဲ သိုလှောင်ထိန်းသိမ်းထားနိုင်ခြင်းတို့ကြောင့် ဖလမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၅၀၀၀၀ အတွက် နေ့စဉ်လိုအပ်လျက်ရှိသော သောက်သုံးရေဂါလန်သုံးသိန်းမှ ရှစ်သိန်းအကြား ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၀**

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းများကို အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းမှ ကျောင်းအုပ်ဆရာမများအား ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျင်းပသည်။

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၂) နှင့် အထက(၃) ကျောင်းများ၌ ကျောင်းအပ်နှံရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဘေးကင်းလုံခြုံရေး စီစဉ်ဆောင်ရွက်ထားရှိမှုအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထက(၃) ကျောင်းအတွက် PPE ဝတ်စုံများ၊ Surgical Cap များ၊ ရော်ဘာလက်အိတ်များ၊ ရင်ကာ Apron များ၊ မျက်နှာအကာအကွယ်၊ ရော်ဘာဖိနပ်များ၊ လက်ဆေးဘေစင်အတွက် တစ်ရှူး Box များကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ လှူဒါန်းပေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။



**မြို့နယ်**
**(ပြန်/ဆက်)**

## ကျောင်းများပြန်လည်ဖွင့်လှစ်ရေး ကွင်းဆင်းစစ်ဆေး

**အမာ**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့၌ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖျာပုံမြို့ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးထွန်းမြတ်သူ၊ အမာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ အမာနယ်မြေရဲစခန်းမှ ရဲအုပ်တင်အောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်ခင်ဇာခြည်အောင်နှင့် မိဘဆရာအသင်းမှ တာဝန်ရှိသူများသည် ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက ကျောင်းများ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျောင်းတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စာသင်ခန်းများတွင် သတ်မှတ်အကွာအဝေးဖြင့် စနစ်တကျပြင်ဆင်ထားရှိမှု၊ ကျောင်းသားကျောင်းသူများအတွက် ပညာရေးဌာနမှပေးအပ်သော ပါးစပ်နှင့်နှာခေါင်းစည်းများ၊ Face Shield များ၊ ကိုယ်အပူချိန်တိုင်းကိရိယာနှင့် လက်ဆေးဘေစင်များ စီစဉ်ထားရှိမှု၊ စာသင်ချိန်နှင့် ကျောင်းတက် ကျောင်းဆင်းချိန်အတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

**ဒွေ့ဖုန်းယန်**

ကချင်ပြည်နယ် ဒွေ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ဖာကေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့ ပြန်လည်ဖွင့်လှစ်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်တာဝန်ရှိသူများသည် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

မိုးမောက်မြို့နယ် ပညာရေးမှူး ဒေါ်ကေသီဝင်း၊ ဒွေ့ဖုန်းယန်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဇင်ကိုလတ်နှင့် ကျန်းမာရေးဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ စာသင်ခန်းများအတွင်း စာသင်ခုံများ၊ စားပွဲများ၊ လူသွားစင်္ကြံများ၊ လက်ဆေးကန်ထားရှိမှု၊ ကျောင်းသားကျောင်းသူများတပ်ဆင်ရန် နှာခေါင်းစည်းများ၊ Face Shield များ၊ ကိုယ်ပူချိန်တိုင်းကိရိယာများ လုံလောက်မှု ရှိ-မရှိ၊ ပိုးသတ်ဆေးဖျန်းခြင်း၊ သင်ထောက်ကူပစ္စည်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုက်ညီမှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြစ်ရေမြင့်တက်မှုကြောင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ကမ်းပါးပြိုကျမှုများဖြစ်ပေါ်

**မုံရွာ ဇူလိုင် ၂၀**

ချင်းတွင်းမြစ်ရေ မြင့်တက်လာ၍ ကမ်းဘေးရှိကျေးရွာများ ရေတိုက်စားကာ ကမ်းပါးပြိုကျမှုများဖြစ်ပေါ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးထံမှ သိရသည်။

ချင်းတွင်းမြစ် တစ်လျှောက်ရှိ ကျေးရွာများ၏ ကမ်းပါးများ ရေတိုက်စားမှုရှိပါက သဲအိတ်၊ သစ်ကိုင်းများချ၍ အရေးပေါ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကမ်းပြိုမှုအနည်းငယ်ရှိ**

ချင်းတွင်းမြစ် တစ်လျှောက် မြစ်ကမ်းနံဘေးရှိ ကျေးရွာများ၌ ယခုကဲ့သို့ ရေများချိန် ရေယာဉ်များ ခုတ်မောင်းခြင်း၊ ရေစီးကြောင်းရေတိုက်စားခြင်းတို့ကြောင့် ကမ်းပြိုမှုအနည်းငယ်ရှိကြောင်း သိရသည်။

"မော်လိုက်ဘက်မှာလည်း ကမ်းပြိုတာတွေရှိတယ်။ တချို့ရွာတွေမှာ အနည်းငယ်ကမ်းပြိုတာတွေရှိတယ်။ ရေကြီးတဲ့အချိန်မှာ ကမ်းဘက်ကပ်ပြီး အမြန်ရေယာဉ်တွေမောင်းတယ်၊ မောင်းတော့ အမြန်ရေယာဉ်လှိုင်းတွေပုတ်ပြီးတော့မှ ကမ်းပြိုတာပေါ့" ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးက ပြောကြားသည်။



ချင်းတွင်းမြစ်ရေယာဉ်များအနေဖြင့် ကမ်းပြိုမှုဖြစ်ပေါ်နေသည့် ကျေးရွာဖြစ်ပါက ကမ်းကပ်မောင်းနှင်ခြင်းမပြုရန်၊ မောင်းနှင်ပါက အရှိန်လျှော့မောင်းနှင်ရန် သတိပေးချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (ခရိုင်တာဝန်ခံ) နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ရန်ကုန်တောင်ပိုင်းခရိုင် (တာဝန်ခံ) ဦးကျော်မိုးကြည်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းစဉ်များနှင့် ဇူလိုင် ၂၅ ရက်တွင် မဲဆန္ဒရှင်စာရင်းများအား ပြည်သူများသိရှိနိုင်ရေး ကြေညာမည့်အစီအစဉ်များ၊ စံငါးရပ်ဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ရွေးကောက်ပွဲ အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးစိုးဝင်းက နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ချီဖွေမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွား

**ချီဖွေ ဇူလိုင် ၂၀**

ကချင်ပြည်နယ် ချီဖွေမြို့နယ်နှင့် တစ်မိုင်ခန့်အကွာ ချီဖွေ-ဝိုင်းမော် ကားလမ်းဘေးတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက မြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွားခဲ့သည်။

အဆိုပါမြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွားရာ နေရာသို့ မြေကော်စက်နှစ်စီးဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် မြေစာရှင်းလင်း ဆောင်ရွက်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာနအဖွဲ့မှ သိရသည်။

မြေကမ်းပါးပြိုကျမှုနှင့် ပတ်သက်၍ လူထိခိုက်မှုမရှိဘဲ မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် အဆိုပါကမ်းပါးနေရာတွင် နှစ်တိုင်းကမ်းပါးပြိုကျမှု ဖြစ်ပွားကြောင်း၊ ဒေသခံတစ်ဦးက ပြောကြားသည်။



**နန်းမြင့်၊ ဇင်မာဝင်း**

# ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၌ ပြည်တွင်းဘုရားဖူးဧည့်သည်များ ပြန်လည်စည်ကားလာ

ပွင့်ဖြူ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးအား ကိုဗစ်-၁၉ ကာလ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ဝင်ရောက်ဖူးမြော်ခွင့်ပိတ်ထားခဲ့ရာမှ ပြည်တွင်း၊ ပြည်ပမှ ရဟန်းရှင်လူ ပြည်သူအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဇူလိုင်လဆန်းပိုင်းကစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်အညီ ပြန်လည်ဝင်ရောက် ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့သဖြင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြသဖြင့် ပြန်လည်စည်ကားလာခဲ့ကြောင်း အဆိုပါ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံမှ သိရသည်။

### ပြန်လည်စည်ကား

ပွင့်ဖြူမြို့နယ်ရှိ သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီးသည် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပဘုရားဖူး ခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် လာရောက်ဖူးမြော်ကြသည့် စေတီတော်မြတ်ကြီးဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ ပြည်သူအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ အကျိုးတော်ဆောင် ဆရာတော် အရှင်ဓမ္မာစာရ(သာသနဓဇဓမ္မာစရိယ)နှင့် ဂေါပကအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြသဖြင့် ပြန်လည်စည်ကားလာခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်( ပြန်/ဆက်)







# နောင်ချိုမြို့နယ် သမဝါယမအသင်းစု၏ လယ်ယာဝန်ဆောင်မှုနှင့် သွင်းအားစုဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်

နောင်ချို ဇူလိုင် ၂၀

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သမဝါယမအသင်းစုက လယ်ယာဝန်ဆောင်မှုနှင့် သွင်းအားစုဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လနောက်ဆုံးပတ်တွင် ပြောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် မဲပုတ်ကျေးရွာ မဲပုတ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းရှိ အသင်းသား ၇၀ ပိုင်ဆိုင်သော ယာမြေဧက ၂၀၀ နှင့် ကျောက်တောကျေးရွာ သစ္စာလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသား ၄၅ ဦး ပိုင်ဆိုင်သော ယာမြေဧက ၁၅၀ အား ထွန်ယက်ခြင်းလုပ်ငန်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် သွင်းအားစုဖြန့်ဖြူးခြင်းအနေဖြင့် အခြေခံသမဝါယမအသင်း ၂၆ သင်းမှ အသင်းသား ၇၈၀ အတွက် ဓာတ်မြေဩဇာအိတ် ၆၇၀၀ ကို အခြေခံသမဝါယမအသင်းများ၏ လယ်ယာမြေ လုပ်ငန်းခွင်အရောက် ပေးပို့ဆောင်ရွက်ပေးလျက်ရှိပြီး နောင်ချိုမြို့နယ်မှ ထွက်ရှိသည့် ပြောင်းသီးနှံများအား ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၈၀၃၂ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၇၃၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇွန်လထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၂၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၉၀၄ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၀၃၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဇွန်လထိ) တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၂၆၄၈ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆၄၆ သန်း ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၂၉၄ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၄၈၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၂၅၈ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၃၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး - ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဇွန်လထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (ဇွန်လထိ) | နှိုင်းယှဉ်ချက် တိုး(+)/လျော့(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၀၇၁.၅၉၈ | ၂၅၆၆.၈၉၀ | ၅၀၄.၇၀၈ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၂.၇၂၀ | ၃၁၁.၀၁၁ | (-)၂၄၈.၂၉၁ |
| ၃ | ရေထွက်ပစ္စည်းများ | ၇၀၇.၁၄၈ | ၆၀၄.၆၃၁ | ၁၀၂.၅၁၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၃၄၁.၇၂၈ | ၁၂၀၁.၂၇၄ | ၁၄၀.၄၅၄ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၁၃.၉၁၀ | ၁၂၈.၅၈၆ | (-)၁၄.၆၇၆ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၆၉၉၄.၃၆၈ | ၇၁၇၆.၆၁၀ | (-)၁၈၂.၂၄၂ |
| ၇ | အခြားပစ္စည်းများ | ၈၃၆.၆၉၁ | ၆၅၉.၃၇၅ | ၁၇၇.၃၁၆ |
| | စုစုပေါင်း | ၁၃၁၂၈.၁၆၃ | ၁၂၆၄၈.၃၇၇ | ၄၇၉.၇၈၆ |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး - ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဇွန်လထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (ဇွန်လထိ) | နှိုင်းယှဉ်ချက် တိုး(+)/လျော့(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၅၇၅၉.၁၇၇ | ၄၃၆၀.၀၉၉ | ၁၃၉၉.၀၇၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၄၂၉.၆၄၁ | ၅၆၅၇.၂၂၇ | (-)၂၂၇.၅၈၆ |
| ၃ | လူသုံးကုန်ပစ္စည်း | ၃၇၁၅.၆၀၄ | ၃၆၂၈.၆၆၆ | ၈၆.၉၃၈ |
| | စုစုပေါင်း | ၁၄၉၀၄.၄၂၂ | ၁၃၆၄၅.၉၉၂ | ၁၂၅၈.၄၃၀ |

# ယင်းမာပင်ရေလှောင်တမံအတွင်းရှိ ၉၉ ကန်စီမံကိန်းနယ်မြေအတွင်းနှင့် ပြင်ပပုဂ္ဂလိကရေလျှံတွင်းများ ရေလျှံထွက်နှုန်းများ ကျဆင်း

ယင်းမာပင် ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ရေလျှံဇုန် ဧရိယာအတွင်း ၉၉ ကန်စီမံကိန်းအတွင်းရှိ ရေလျှံတွင်းများနှင့် ၎င်းနယ်မြေအတွင်းရှိ ပုဂ္ဂလိကရေလျှံတွင်းများသည် ယခုနှစ်တွင် စံချိန်တင်ရေထွက်နှုန်းကျဆင်းခြင်းနှင့် အချို့ရေလျှံတွင်းများ လုံးဝမထွက်တော့သည့် အခြေအနေသို့ ရောက်လာကြောင်း ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးမောင်မောင်သန်းထံမှ သိရသည်။

ယင်းမာပင်ရေလျှံဇုန်အတွင်း မိုးရွာသွန်းမှုနည်းပါးခြင်း၊ ပုဂ္ဂလိကတောင်သူရေလျှံတွင်းများ၊ သောက်သုံးရေအတွက် ရေလျှံတွင်းများ အဆမတန်တူးဖော်လာပြီး စနစ်တကျသုံးစွဲခဲ့မှုနည်းခဲ့ခြင်းကြောင့် ယခုအခါတွင် သဘာဝအရင်းအမြစ်တစ်ခုသည် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းမာပင်ရေလျှံဇုန်အတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကွင်းဆင်းစစ်ဆေးမှုများအရ အစိုးရပိုင် ရေလျှံတွင်း ၄၅၀၊ သောက်သုံးရေတွင်း ၁၄၉၀၊ ပုဂ္ဂလိက တောင်သူပိုင် စိုက်ပျိုးရေးအသုံးပြု ရေလျှံတွင်း ၁၄၅၀ စုစုပေါင်းတွင်း ၃၃၉၀ ရှိကြောင်း ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

# ဖြူးဆည်ရေသောက်ဧရိယာအတွင်းရှိ ရေအသုံးချသူများအဖွဲ့နှင့် တွေ့ဆုံ

ဖြူး ဇူလိုင် ၂၀

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်သည် ဖြူးမြို့နယ် ဖြူးချောင်း ဆည်ရေသောက် ဧရိယာအတွင်းရှိ ရေအသုံးချသူများအဖွဲ့များနှင့် ယနေ့နံနက်ပိုင်းက လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။




အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများသည် ကျီးမနိုးကျေးရွာအုပ်စုအတွင်းရှိ လက်ယာမြောင်းခွဲ လက်တံခွဲမြောင်း ၃၊ ၄၊ ၅၊ ၅(က)၊ ၆ နှင့် ၆(က) မြောင်းများပေါ်မှ ရေအသုံးချသူများအဖွဲ့ ၁၃ ဖွဲ့နှင့် ဖြူးချောင်းရေလွှဲဆည်တွင်လည်းကောင်း၊ ချင်းခင်ကျေးရွာအုပ်စုအတွင်းရှိ လက်ယာမြောင်းခွဲ လက်တံခွဲမြောင်း (၁)နှင့် (၂)ပေါ်မှ ရေအသုံးချသူများအဖွဲ့ ကိုးဖွဲ့နှင့် ချင်းခင်ကျေးရွာ စာသင်ကျောင်းတွင်လည်းကောင်း တွေ့ဆုံခဲ့ကြပြီး ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ရေအလေအလွင့်မရှိစေဘဲ အကျိုးရှိရှိအသုံးပြုနိုင်မည့် နည်းလမ်းများ၊ SRI စိုက်ပျိုးနည်းစနစ်များ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ရေအသုံးချသူများအဖွဲ့(WUG )နှင့် ရေအသုံးချသူများအသင်း(WUA) များကို ဖွဲ့စည်းပေးနေခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာသော ရေအသုံးချသူများအဖွဲ့မှ တောင်သူများက ဆည်ရေအသုံးပြုမှုနှင့် ပတ်သက်၍ တင်ပြချက်များကို ညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြူးချောင်း ဆည်ရေသောက်စနစ်အတွင်း ယနေ့ထိ ရေအသုံးချသူများအဖွဲ့ ၅၁ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညံ့ဖျင်းကြမ်းတမ်းသော ယာဉ်မောင်းနှင်မှုများကို ကာကွယ်တားဆီးကြပါစို့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ယာဉ်မောင်းတစ်ဦး၏ သတိလက်လွတ်၊ စည်းလွတ် ဝါးလွတ်မောင်းနှင်မှုကြောင့် တန်ဖိုးကြီးလှစွာသော အပြစ်မဲ့ခရီးသည်များစွာ အသက်နှင့်ခန္ဓာများ ထိခိုက်ဆုံးရှုံးနေရမှုများ တွေ့ကြုံနေရသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ် ဖြစ်ပါသည်။ နိုင်ငံအတွက် အားထားရမည့် လူသားအရင်းအမြစ်များလည်း ဆုံးရှုံးနေရသည်ကို တွေ့ရပါသည်။ ယာဉ်မောင်းများ၊ ယာဉ်မောင်းနှင်မှုဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးတို့အနေဖြင့် မိမိတို့၏အရည်အသွေး၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများကို မှန်ကန်သောအခြေအနေရောက်အောင် ကြိုးစားပြုပြင်ကြစေလို။**

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ယာဉ်တိုက်မှုပေါင်း ၁၇၄၅၁ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၆၀၀၀ ကျော်၊ သေဆုံးသူ ၅၁၈၄ ဦးရှိကြောင်း သိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းတွင် ယာဉ်တိုက်မှုပေါင်း၂၇၀၀ ကျော်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ၂၂၀၀ မှု၊ ဧရာဝတီတိုင်းဒေသကြီးမှာ၂၀၃၃ မှု ရှိခဲ့ပါသည်။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ၄၇၄ မှု ဖြစ်ပွားခဲ့ပြီး ၁၀၄ ဦး သေဆုံးခဲ့ကာ လူ ၈၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတစ်ခုအရ သိရပါသည်။

ယာဉ်မတော်တဆဖြစ်မှုများကို မကြာခဏ တွေ့မြင်နေရပါသည်။ မကြာမီကပင် ရန်ကုန်မြို့အတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတစ်ခုတွင် ယာဉ်မောင်းသူ၏ မဆင်မခြင်မောင်းနှင်မှုကြောင့် အပြစ်မဲ့သူ သုံးဦး သေဆုံးခဲ့ရသည်ကို စိတ်မချမ်းမြေ့ဖွယ် ခံစားမိပါသည်။ ကိုဗစ်-၁၉ က မမြင်ရသောရန်သူဖြစ်ပြီး ယခုကဲ့သို့ဖြစ်ရပ်ဆိုးတို့က ရန်သူမဲ့စစ်မြေပြင်မှာ အပြစ်မဲ့သူတို့ အပြစ်မဲ့စွာ အသက်ဆုံးနေရခြင်းဖြစ်သည်။ မော်တော်ယာဉ်တို့သည် လူသားတို့အတွက် မရှိမဖြစ်သော သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်သည်။ မော်တော်ယာဉ်ကို ကောင်းစွာ ထိန်းသိမ်းအသုံးပြုပါက လိုရာခရီးသို့ ရောက်ရှိနိုင်ပါသည်။ သို့သော်ယင်းကို ကောင်းစွာ မထိန်းသိမ်းဘဲ မောင်းနှင်ခြင်း၊ ဆင်ခြင်မှုကင်းမဲ့စွာအသုံးပြုခြင်းစသည်တို့က လက်နက် တစ်ခုကို ကိုင်တွယ်အသုံးပြုနေသည်နှင့်တူသည်။ ယင်းကို ဂရုပြုကိုင်တွယ်ထိန်းသိမ်းတတ်ရန် အထူးလိုအပ်ပါသည်။

ကြမ်းတမ်းညံ့ဖျင်းသော ယာဉ်မောင်းခြင်းသည် အန္တရာယ်များသော အတတ်ပညာဖြစ်သွားတတ်ပါသည်။ ထိုသို့စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းနှင့် အခြားသူတို့၏ လုံခြုံဘေးကင်းမှုကို အရေးမထားမောင်းနှင်ခြင်းတို့ကို အထူးဂရုပြုကာကွယ်ထိန်းသိမ်းသင့်ပါသည်။ အန္တရာယ်ဖြစ်စေသောယာဉ်မောင်းတို့သည် ကိုယ်ချင်းစာတရားနည်းပါးပြီး သနားညှာတာတတ်သည့် စိတ်လည်းနည်းပါးကြသည်။ အပြစ်ဖြစ်နိုင်သော နည်းလမ်းများကို အလွယ်တကူအသုံးပြုကြခြင်း၊ အဆင်အခြင် ကင်းမဲ့ခြင်း၊ ဂရုမစိုက်ခြင်း၊ မသိကျိုးကျွံပြုခြင်း၊ မကောင်းသော အလေ့အထများကို မွေးမြူခြင်းစသည်တို့ ပါဝင်လေ့ရှိသည်။ အမှန်တကယ် ကောင်းစွာမောင်းနှင်နိုင်ပါက ယာဉ်မောင်းခြင်းသည် အနုပညာတစ်ရပ်လို ဖြစ်နေတတ်ပါသည်။ စီးနင်းသူတို့၏စိတ်ကို အေးချမ်းစေပြီး လိုရာခရီးကိုလည်း ပို့ဆောင်ပေးနိုင်သည့်အလုပ်ဖြစ်သဖြင့် အများအကျိုးပြု ကုသိုလ်ရသည့် အလုပ်ကောင်းတစ်ခုလည်း ဖြစ်ပါသည်။

သတိပြုသင့်သည်မှာ ယာဉ်မောင်းခြင်းသည် အချိန်ပြည့်အန္တရာယ်များ ဝန်းရံနေလေ့ရှိသည်ဆိုခြင်း ဖြစ်သည်။ မတော်တဆဖြစ်မှုက မလွဲမသွေပေါ်လာနိုင်သည်။ ထို့ကြောင့် ယာဉ်မောင်းနှင်ရာတွင် ယာဉ်မောင်းအဖို့ ခန္ဓာကိုယ်ရော စိတ်ခံစားမှု၊ သတိရှိမှုများမှာ အကောင်းဆုံးအခြေအနေရှိနေသင့်သည်။ ယာဉ်မောင်း၏ စိတ်စွမ်းရည်၊ ကျွမ်းကျင်မှုတို့အပြင် ယာဉ်ထိန်းသိမ်းမှု ညံ့ခြင်း၊ နေရာယူမှားခြင်း၊ အန္တရာယ်၏သဘာဝကို မသိခြင်း၊ မလေ့လာခြင်း၊ ကြိုတင်ပြင်ဆင်မှုမရှိခြင်း၊ ရန်လိုတတ်ခြင်း၊ ပေါ့ဆခြင်း၊ ဂရုမစိုက်တတ်ခြင်းတို့ကြောင့်လည်း ယာဉ်အန္တရာယ်များ ကြုံရတတ်ပါသည်။ ယာဉ်မောင်းသည် မိမိကိုယ်ကိုအမြဲလေ့လာဖြည့်ဆည်းပေးနေရမည်ကို မမေ့သင့်ပါ။ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် အောက်ပါအချက်တို့ကို သတိပြုသင့်ပါသည်။

၁။ မိမိမောင်းသင့်သောစွမ်းရည် အတိုင်းအတာအတွင်းသာမောင်းနှင်ခြင်း (မကျွမ်းကျင်ဘဲ မြန်နှုန်းမြင့်မောင်းနှင်ခြင်း၊ အရှိန်ဖြင့် ချိုးကွေ့ခြင်းစသည်များ)၊

၂။ ရရှိသောအတွေ့အကြုံအမှားများကို ပြုပြင်ခြင်း (အတွေ့အကြုံမှ သင်ခန်းစာယူတတ်စိတ်ရှိခြင်း)၊

၃။ မိမိအရည်အချင်းကို သိနားလည်ခြင်း၊ ဆန်းစစ်နိုင်ခြင်း၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်စွမ်းရှိခြင်း စသည်တို့ ဖြစ်သည်။

**ယာဉ်မောင်းနှင့် ဉာဏ်ရည်**

ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်သော ယာဉ်မောင်းတစ်ယောက်အဖို့ စဉ်းစားဆင်ခြင်နိုင်မှု၊ စာနာစိတ်ထားရှိမှုတို့ မလွဲမသွေလိုအပ်ပါသည်။ တစ်ကိုယ်ကောင်းဆန်စိတ်ရှိသူတစ်ဦးသည် ယာဉ်မောင်းကောင်းတစ်ယောက် ဖြစ်မလာနိုင်ပေ။

ယာဉ်မောင်းခြင်းအတွက် ထိုက်သင့်သော စဉ်းစားတွေးခေါ်မှု၊ ဆုံးဖြတ်နိုင်မှုတို့ရှိရန် ထိုက်သင့်သောဉာဏ်ရည်ရှိသင့်သည်။ ခန္ဓာကိုယ်ရော ဉာဏ်ရည်ပါ အရေးပါပါသည်။ ခန္ဓာကိုယ်က မည်မျှကြံ့ခိုင်နေသည်ဖြစ်စေ၊ စိတ်ဓာတ်မကြံ့ခိုင်သူ၊ စိတ်ကောင်းရှိသူ မဟုတ်ပါက ယာဉ်မောင်းကောင်းဖြစ်လာမည် မဟုတ်ပါ။ ဉာဏ်ရည်နိမ့်ကျသူ ယာဉ်မောင်းကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်လာစေနိုင်ပါသည်။

ဉာဏ်ရည်ရှိသူသည် အောက်ပါအချက်(၃)ချက်နှင့် ပြည့်စုံသင့်သည်ဟု စိတ်ပညာရှင်တို့က ဆိုပါသည်-

၁။ သင်ယူနိုင်စွမ်းရှိရမည်။ (ယာဉ်မောင်းကောင်းတစ်ယောက်သည် လေ့လာသင်ယူနိုင်နေသင့်သည်။ မိမိနှင့်အများအတွက် ယာဉ်လမ်းစည်းကမ်းများ အပါအဝင် လေ့လာသင့်သည်များကို မျက်ခြည်မပြတ် သင်ယူနေရပါမည်)။

၂။ မိမိအသက်အရွယ်နှင့် ကိုက်ညီသော အထွေထွေ ဗဟုသုတရှိရမည်။ (မော်တော်ယာဉ်များကြောင့် ထိခိုက်ဆုံးရှုံးရသူတို့၏ဘဝများ၊ ခံစားရမှုများကို စာနာစိတ်ထားသင့်သည်။ အတွေ့အကြုံအဖြစ်မှတ်ယူပြီး ရှောင်ရှားနိုင်အောင် ကြိုးစားသင့်ပါသည်။ အခြားသော အထွေထွေ သိသင့်သည်များကိုလည်း လေ့လာမှတ်သားသင့်ပါသည်)။

၃။ ရောက်ရှိရာဒေသပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ညှိယူနိုင်စွမ်းရှိရမည်။ (အခြေအနေသစ်တစ်ခုရောက်သည်နှင့် အဆင်ပြေအောင်ညှိနိုင်စွမ်းရှိရပါသည်။ ယာဉ်မောင်းကောင်းတစ်ယောက်အဖို့ ပတ်ဝန်းကျင်သစ်တစ်ခုတွင် အန္တရာယ်ကင်းအောင် မောင်းနှင်နိုင်အောင် ဉာဏ်ရည်ပြည့်ဝနေရပါမည်)။

ယင်းတွင် အောက်ပါဉာဏ်ရည်တစ်ခုသည်လည်း အန္တရာယ်ကင်းစေရေးအတွက် အရေးပါလှသည်ကို တွေ့ရပါသည်-

**အကွာအဝေးမှန်းဆနိုင်ခြင်းဉာဏ်ရည်**

အသွားနှုန်း တစ်နာရီ မိုင် ၆၀ နှုန်းဖြင့်သွားနေစဉ် တုံ့ပြန်မှုစက္ကန့်ဝက်သာ နောက်ကျပါက မိမိ၏ယာဉ်သည် ရှေ့သို့ ၁၅ ကိုက်အကွာသို့ ရောက်ရှိနေနိုင်သည်။ တစ်နာရီ မိုင် ၃၀ နှုန်းဖြင့် သွားနေသောယာဉ်၏ ရပ်တန့်အကွာအဝေးသည် ပေ ၅၀ ဖြစ်သည်။ ထို့ထက်နှစ်ဆ မြှင့်လိုက်ပါက နှုန်းသည် တစ်နာရီမိုင် ၆၀ ဖြစ်သွားပြီး ရပ်တန့်အကွာအဝေးသည် ပေ၂၀၀ ခန့်ဖြစ်သွားနိုင်သည်ကို သတိပြုရပါမည်။ မြန်နှုန်းက နှစ်ဆ ဖြစ်သော်လည်း ရပ်တန့်အကွာအဝေးက လေးဆ ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ယာဉ်မောင်းသည် မိမိယာဉ်ကိုအန္တရာယ်မဖြစ်စေနိုင်အောင် မှန်းဆနိုင်စွမ်းရှိသည့် ဉာဏ်ရည်ရှိသင့်ခြင်း ဖြစ်သည်။ ဉာဏ်ရည်နိမ့်ပါးခြင်းသည် ဘေးကင်းသောခရီးစဉ်တစ်ခုကို ဖန်တီးနိုင်စွမ်းနည်းပါးတတ်ပါသည်။

**ယာဉ်မမောင်းသင့်သူများ**

၁။ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းသူများ- မူလဗီဇအခြေခံအရ အားနည်းသူများ၊ စိတ်စွမ်းရည်နည်းပါးသူများ၊

၂။ မတော်တဆဖြစ်ရန်အလားအလာရှိသူများ- ယာဉ်မတော်တဆ မကြာခဏ ဖြစ်တတ်သူများ ထိုသူများကို ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်းတို့လုပ်ပြီးမှ ပြန်လည်မောင်းနှင်စေသင့်ပါသည်။ မတော်တဆဖြစ်ခဲ့သူတိုင်းကို ဆိုလိုခြင်းမဟုတ်ဘဲ မတော်တဆ မကြာခဏ ဖြစ်ခဲ့ဖူးသူတို့သည် မတော်တဆ ထပ်မံဖြစ်ပွားရန် အလားအလာရှိနိုင်သည်ဟု သိရပါသည်။

၃။ သွေးကြွ၊ သွေးဆူသူများ- ယင်းတွင်တစ်ကိုယ်ကောင်းဆန်ခြင်း၊ သနားညှာတာမှုကင်းမဲ့ခြင်း၊ ဥပဒေစည်းကမ်းဆိုသည်များကို လုံးဝဂရုမစိုက်ခြင်း၊ အန္တရာယ်နှင့်ကြုံတိုင်း အလျှော့မပေးတတ်ခြင်း၊ ငြိမ်းချမ်းစွာ မဖြေရှင်းလိုခြင်း၊ ရန်လိုနေတတ်ခြင်း စသည်တို့ကို တွေ့ရလေ့ရှိပါသည်။ ထိုသူတို့သည် ယာဉ်မောင်းရာတွင်သာမက ပြင်ပလောကတွင် ရာဇဝတ်မှုကျူးလွန်တတ်သူများလည်း ဖြစ်နေတတ်ပါသည်။

အန္တရာယ်ကင်းသော ယာဉ်မောင်းတစ်ယောက်ဖြစ်ရန် ယဉ်ကျေးသောစိတ်နှင့် အမူအကျင့်တို့လိုအပ်ပါသည်။

**ယဉ်ကျေးဖွယ်အမူအရာ**

တစ်ဦးနှင့်တစ်ဦးလေးစားဖွယ်တုံ့ပြန်နိုင်မှု- လမ်းမပေါ်တွင် တွေ့ရသော မော်တော်ယာဉ်များ လမ်းအသုံးပြုသူ၊ လမ်းဖြတ်ကူးသူပါမကျန်တို့ကို လေးစားစိတ်ရှိခြင်းသည် ယဉ်ကျေးသောစိတ်ဓာတ်ဖြစ်သည်။ အခြားသူအတွက် နေရာပေးခြင်း၊ ဦးစားပေးသင့်သည်ကိုပေးခြင်း၊ နေရာတကာတွင် After You ဆိုသည့် သဘောထားကြီးတတ်မှုတို့ ထားနိုင်ပါက လမ်းမများပေါ်တွင် သွားလာနေရခြင်းသည် ပျော်ရွှင်ဖွယ်ဖြစ်လာပါသည်။ ယဉ်ကျေးသောယာဉ်မောင်းတို့သည် ယဉ်ကျေးသောအမူအရာတို့ကို ပိုင်ဆိုင်နေလေ့ရှိကြပါသည်။

**ညံ့ဖျင်းကြမ်းတမ်းသော ယာဉ်မောင်းများ**

ညံ့ဖျင်းကြမ်းတမ်းသော ယာဉ်မောင်းခြင်းကြောင့် ထိခိုက်နစ်နာမှုများစွာဖြစ်လျက်ရှိပါသည်။ မဆင်မခြင် မောင်းနှင်ခြင်း၊ ပြဿနာဖြစ်စေသော ယာဉ်မောင်းနှင်ခြင်းတို့သည် ညံ့ဖျင်းသော ယာဉ်မောင်းနှင်ခြင်းတို့တွင် ပါဝင်သော အချက်များဖြစ်သည်။ ညံ့ဖျင်းကြမ်းတမ်းသော ယာဉ်မောင်းတို့တွင်ဖြစ်လေ့ရှိသော စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက် (၈)ချက်ကို အောက်ပါအတိုင်းတွေ့ရပါသည်-

၁။ မိမိကိုယ်မိမိကြမ်းတမ်းခက်ထန်နေပြီကို သတိမပြုမိခြင်း (သို့မဟုတ်) ထိုအခြေအနေကို ဂရုမစိုက်ခြင်း

ယာဉ်မောင်းရာတွင် မိမိကိုကျော်တက်သွားခြင်း၊ ရှေ့ပိတ်မောင်းခြင်း၊ လမ်းမဖယ်ခြင်း၊ ခရီးသည်ယာဉ်များဆိုလျှင် ခရီးသည်လုတင်ခြင်း၊ မခံချင်အောင်လုပ်ခြင်း၊ တန်းစီရမည့်နေရာတွင် ကျော်တက်နေရာယူခြင်း စသည်တို့သည် စိတ်ကိုနှိုးဆွဒေါသဖြစ်စေသည့် အကြောင်းများဖြစ်သည်။ ယင်းတို့တွင် မိမိ၏ဒေါသစိတ်ကို မထိန်းနိုင်သူများတတ်သည်။ မိမိ၏ဒေါသကိုသတိမမူမိဘဲ တစ်ဖက်သားအပေါ် ရန်လိုစိတ်များ ချက်ချင်းဝင်လာတတ်သည်။ ငယ်ရွယ်သူများက ထိုကဲ့သို့သော အခြေအနေများမှ စိတ်မထိန်းနိုင် ပိုဖြစ်တတ်ကြသည်။ ထိုသူတို့အတွက် ထိုသို့ဖြစ်တတ်မှုကို အသိပေးပြီး ယာဉ်မောင်းတစ်ယောက်သည် သာမန်ထက်စိတ်ရှည်သည်းခံစိတ်ရှိသင့်သည်ကို လေ့ကျင့်ပေးသင့်သည်။

၂။ ကိုယ်တို့ကျွမ်းပြီးသားပါ ဘာမှမဖြစ်ပါဘူး ဟူသည့်စိတ်ဝင်နေတတ်ခြင်း

Risks ခေါ် အန္တရာယ်သည်အချိန်မရွေးကျရောက်နိုင်သည်ကို မမေ့သင့်ပါ။ ယာဉ်မောင်းနှင်ရင်း အရှိန်များလာလေ၊ မောင်းနှင်ချိန်ကြာလာလေ မထင်မှတ်သော နေရာမျိုးစုံမှအန္တရာယ်များ ဝင်ရောက်လာတတ်သည်။ ယာဉ်မောင်းနှင်ခြင်းနောက်မှာ အန္တရာယ်ကကပ်ပါနေတတ်သည်ကို မေ့နေတတ်ကြသည်။ ကျွမ်းကျင်ပြီးသားပါဆိုသော အသိက ရုတ်တရက်ဝင်လာသော အန္တရာယ်ကို မတားဆီးနိုင်ဖြစ်တတ်ပါသည်။ သတိမလွတ်ဖို့ လိုပါသည်။

၃။ ယာဉ်မောင်းနှင်စဉ် မိမိတို့ တွေ့မြင်နေရသည်ထက် မထင်မှတ်သော၊ မမြင်နိုင်သော ဖြစ်စဉ်များက ပေါ်လာတတ်သည်။ ယာဉ်မောင်းသည် မိမိစိတ်၏အာရုံစိုက်မှုအများစုကို ယာဉ်မောင်းနှင်မှုအပေါ်မှာသာ နှစ်မြှုပ်ထားသင့်သည်။ မောင်းနှင်နေစဉ်စကားပြောခြင်း၊ တီဗွီကြည့်ခြင်း၊ ဖုန်းပြောခြင်းစသည်တို့သည် လမ်းပေါ်မှ အချက်ပြများ၊ အခြားယာဉ်များ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်စွမ်း မရှိစေတတ်ပါ။ လူ့ဦးနှောက်အာရုံကြောစနစ်သည် အန္တရာယ်ကိုအချိန်မီ တုံ့ပြန်နိုင်ရန် အဆင်သင့်ရှိနေသော်လည်း မိမိကအချိန်မီ ဆောင်ရွက်နိုင်မှုဖြစ်သည်။ သတိမလွတ်သော မောင်းနှင်မှုဖြင့် မောင်းနှင်ရန် လိုအပ်ပါသည်။ လမ်းအချက်ပြများသည် လမ်းတစ်လျှောက်လုံး၏ အခြေအနေများကို ညွှန်ပြနေသဖြင့် ယင်းတို့ကိုလေးနက်စွာ သတိထားနေသင့်သည်။

၄။ မောင်းနှင်စဉ်အခြားယာဉ်မောင်းသူတို့က မိမိကို မမြင်နိုင်ဟူသော အယူအဆလည်း ရှိတတ်ကြသည်။ မိမိ၏ယာဉ်ရှိနေကြောင်း သတိပေးမှုလွန်ကဲပါက အခြားယာဉ်မောင်း၏ ဒေါသစိတ်ကို နှိုးဆွနိုင်သည်ကိုလည်း သတိပြုသင့်သည်။

၅။ ယာဉ်မောင်းနေခြင်းသည် ခရီးတစ်ခုသွားနေခြင်းဖြစ်သည်။ မိမိခရီးစဉ်ကို မိမိအရောက်သွားမည်ဖြစ်သဖြင့် အမြန်မောင်းရမှာဖြစ်သည်။ ကီလိုမီတာ ၁၀၀ အောက်သာ မောင်းနေရပါက ဘယ်အချိန်မှရောက်ပါတော့အံ့နည်း။ အလွန်ငြီးငွေ့ဖွယ်ကောင်းသော ကီလိုမီတာ ၇၀-၈၀ နှုန်းသည် အလုပ်မဖြစ်ပေ။ အမြန်မောင်းအံ့ဆိုသော အယူအဆတို့ ရှိနေတတ်ကြသည်။ အမြန်လမ်းကြီးများဆိုသည် အမြန်မောင်းရန် လမ်းဟုထင်ကြသည်။ သို့နှင့် သတ်မှတ်မိုင်နှုန်းများကို ကျော်လွန်ကာမောင်းကြရင်း မလိုအပ်သောအန္တရာယ်များ ကြုံရတတ်ပါသည်။

၆။ မိမိကိုယ်ကိုယုံကြည်ခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်းတို့က လုံးဝခြားနားပါသည်။ ယာဉ်မောင်းသူအများစုတွင် မိမိကိုယ်ကိုအထင်ကြီးစိတ် ဝင်နေတတ်သည်ဟု သိရသည်။ အထူးသဖြင့် ယာဉ်ကြီးယာဉ်ကောင်းများ၊ ခရီးသည်တင်ယာဉ်များကို မောင်းနှင်နေရသူတို့၏ စိတ်တွင် ဝင်လာတတ်သော အခြေအနေတစ်မျိုးဖြစ်သည်။ မိမိမှာရှိသည့် တန်ဖိုးထက်ပိုပြီးအထင်မှတ်မှားနေခြင်း (Dunning-Kruger Efect) ဟု စိတ်ပညာမှာ ဆိုထားသည်ဟု သိရပါသည်။ ထိုသို့စိတ်ထားရှိသူများသည် ယာဉ်မောင်းရာမှာမှမဟုတ်၊ အခြားမည်သည့်နယ်ပယ်တွင်ဖြစ်စေ ပြဿနာများနှင့် ကြုံနေတတ်ပါသည်။

၇။ တစ်ဦးတည်းမောင်းနှင်ရချိန်မျိုးတွင် အမြန်မောင်းမိခြင်း၊ ပတ်ဝန်းကျင်အခြေအနေကို ကောင်းစွာ တုံ့ပြန်နိုင်ခြင်းမရှိတတ်ပါ။ အချိန်များများသွားရသော ခရီးမျိုးအတွက် ခရီးဖော်ပါသင့်ပါသည်။

စာမျက်နှာ ၂၆ သို့ ■

# Whirlpool

**USA BRAND Whirlpool အမှတ်တံဆိပ် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အဲကွန်း စသည့်အိမ်သုံး လျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းများအတွက် အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဈေးနှုန်းအထူးသက်သာစွာ ဝယ်ယူရရှိနိုင်ပါသည်။**




ဝင်းဝင်းအီလက်ထရောနစ်စင်တာ – ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်း တောင်ဘက်ခြမ်း၊
ရန်ကုန်ဘုတာကြီးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၈၃၇၉၃၆၊ ၂၈ ၂၄၉ ၂၀၃



## စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်စားသွားသွားဆုံကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161



## BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းဆိုင်(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်ဂိတ်အနီး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းဆိုင်(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥယျာဉ်လမ်း။
Ph: 09-5425251, 09-73225484


## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ဖွင့်လှစ်မည်ဖြစ်ကြောင်း
## အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ အခွန်ထမ်းပြည်သူများကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်၊ ဝန်ဆောင်မှုများပေးရာတွင် လုပ်ငန်းစဉ်များ ပုံစံတူညီစေရန်နှင့် ရှင်းလင်းဖြေကြားသည့် အခွန်ဆိုင်ရာဖြေကြားချက်များ တသမတ်တည်းဖြစ်စေရန်ရည်ရွယ်၍ **အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး**ကို အောက်ပါနေရာတွင် (၂၂-၇-၂၀၂၀) ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်–

**အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး**
အမှတ်–၅၉/၆၁၊ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ်– ၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂

၂။ အဆိုပါရုံးအနေဖြင့် အခွန်ထမ်းကိုယ်တိုင် လာရောက်မေးမြန်းသော(သို့မဟုတ်)တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော မေးခွန်းများအား ဖြေကြားပေးခြင်း၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်ပေးခြင်းနှင့် အခွန်ကြေညာလွှာပုံစံကဲ့သို့ အခွန်ဆိုင်ရာပုံစံများ ဖြည့်စွက်ရာတွင် ရှင်းလင်းလွယ်ကူစွာ ဖြည့်သွင်းနိုင်ရေး ကူညီဆောင်ရွက်ခြင်း စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ **အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်သည့် အခွန်ထမ်းများအနေဖြင့်** အခွန်ဆိုင်ရာ ကိစ္စရပ်များအား မေးမြန်းစုံစမ်းလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ အခွန်ထမ်းရေးရာ ဌာနစုသို့သာ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

၄။ ဤကြေညာချက်နှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃၊ ၀၆၇–၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ်–၅၉/၆၁၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်– ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်– ၀၂–၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ
(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ်(၁၇၈၂)၊ ဆိုရှယ်လစ်လမ်း(၂၀) နေ ကျွန်တော်ဦးမောင်ငွေ [၁၂/ခရန(နိုင်)၀၃၁၅၅၈]သည် "ပိုင်"အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်သူများရှိပါက အထောက်အထား အပြည့်အစုံဖြင့် သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးမောင်ငွေ**
**[၁၂/ခရန(နိုင်)၀၃၁၅၅၈]**
**Ph:09–458021788**

## အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ကမမောင်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကပ်ကျော်လမ်း နေ ကျွန်မ ဒေါ်နှင်းယမုံလင်း [၃/ကမမ(နိုင်)၀၀၁၃၄၉]သည် "Lin" အမည်ဖြင့် သောက်ရေသန့်လုပ်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်သူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နှင်းယမုံလင်း**
**[၃/ကမမ(နိုင်)၀၀၁၃၄၉]**
**Ph:09–425301929**




အသက် (၄၀) ကျော်နောက်ပိုင်းအမျိုးသားများတွင်
စတင်ဖြစ်ပွားလေ့ရှိသောအဆီပါကျန်းမာရေးပြဿနာကို
နည်းမှန်လမ်းမှန်ဖြင့် ကာကွယ်၊ ကုသနိုင်ရန်အတွက်
အမျိုးသားများ လေ့လာဖတ်ရှုသင့်သည့်...

# ပန်းသေပန်းညှိုးရောဂါ

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)

ကျန်းမာသုတစာအုပ်များ အားလုံးကို
ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။

09-752721908, 09-954271908





ကံ စားဖူးပါက နှစ်သက်ရမည့်

# မျက်ကြည်လူ၀

အကြောဖြေဆေး

စားသုံးနိုင်သူများ

- မြေသီးမထွက်၊ ဖက်ကြောတက်၊ မျက်စိမှုန်ဝါးသူ။
- ဝမ်းချုပ် ဆီးပူ၊ ရိုးဖြူလိပ်ထွက်၊ လဆောက်ရာသီမှန်လိုသူ။
- ဆံပင်ဖြူ/ ပါး၊ အတိုင်များ၊ ညောင်းအားပိုတတ်သူ။

(အထိုင်များသော ရုံးဝန်ထမ်းများ၊ ဈေးသည်များ၊ ကားမောင်းသူများ)

မျက်ကြည်လူ၀ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေစကြိုမြို့။ Tel: 09 89680 5353, 09 203 1080.



## အောင်ကမ္ဘာ

ဒဂုံမြို့သစ် (တောင်ပိုင်း၊
ဆိပ်ကမ်း၊ အရှေ့ပိုင်း၊
မြောက်ပိုင်း၊)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။

09-43118200
09-450096155


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်အမှတ်(၅၁)/၄–လွှာ(ခ)၊ အိမ်ကြီးလမ်း တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုရှိသူ ဒေါ်လှလှတင့်[၁၂/ပဇတ(နိုင်)၀၁၀၅၂၈]နှင့် ဦးသက်လွင် [၁၂/ပဇတ(နိုင်)၀၁၀၆၀၄]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီအေး [၁၂/သခန(နိုင်)၀၆၇၇၀၅]**
**အမှတ်–၄၁၂၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်။**
**ဖုန်း–၀၉–၄၄၈၀၇၅၂၅၃**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီ
### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၉)၊ A1–B3၊ ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေ ဦးတင်ထွဋ်အောင် (အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)–ဒေါ်သန်းသန်းအေးတို့၏မိခင် ဒေါ်စီစီသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၀၃ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒဂုန်အားမာန်သစ်ကုမ္ပဏီမိသားစု**

## မေ့မရနိုင်ပါ (၇) နှစ်တာ
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးကံတင့် (အလုပ်ရုံစိတ်မှူး)
**(တပ်မတော် မိုးရေကာဖျင်စက်ရုံ–ငြိမ်း၊ သမိုင်း)**
**(၂၁–၇–၂၀၁၃/၂၁–၇–၂၀၂၀)**

အစ်ကိုကွယ်လွန်သွားသည်မှာ (၇)နှစ်တာပြည့်ခဲ့ပြီဖြစ်သော်လည်း အစ်ကို့ကို တစ်နေ့မှ မေ့မရပါ။ အစ်ကို့အတွက်ရည်စူး၍ မှော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်အပါး (၁၅၅)ပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှု အစုစုတို့ကို အစ်ကို့အား အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာနှင့် အစ်ကို သာဓုခေါ်ဆိုပါ။

အစ်ကိုရေ

အမျှ, အမျှ, အမျှ---

**ချစ်ဇနီး** – **ဒေါ်တင်ရွှေ**
**သား** – **မောင်နိုင်လင်းအောင်–မစီစီလှိုင်**
**မြေး** – **မောင်ဘုန်းပြည့်လျှံထက်**

## ဦးအောင်ကျော်ထူး
### အသက် (၆၁)နှစ်

ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၄၂)၊ လေးလွှာ၊ (၄၅)လမ်းနေ (ဦးကျော်စိန်–ဒေါ်ခင်လှ)တို့၏သား၊ (ဦးဝင်းမြင့်)–ဒေါ်ဝင်းကြည်တို့၏သားသမက်၊ ဦးမျိုးဝင်း၏တူ၊ ဒေါ်လွင်လွင်ဦး၏မောင်၊ ဒေါ်ဖြူဖြူခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထက် (အယ်ဒီတာ)၊ မဆုစန္ဒီအောင် (SEAFEAER)တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင် ဦးအောင်ကျော်ထူးသည် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၁–၇–၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အိသန္တာကျော်
### အသက် (၄၄) နှစ်

(ဦးထင်အောင်ကျော်)–ဒေါ်မွေးတို့၏သမီး၊ ဦးသိန်းဟန်–ဒေါ်နုနုဝင်းတို့၏ သမီးချွေးမ၊ ဒေါ်အိမ့်စန္ဒီကျော်၏အစ်မ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး နေဝင်းထွန်း၏ချစ်လှစွာသောဇနီး၊ (မရှင်းသန့်နေထွန်း)၊ မသံသာနေထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်အိသန္တာကျော်သည် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် တပ်မတော်ဆေးရုံ (ခုတင်–၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၇–၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ငြိမ်းအေးဇရပ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အိသန္တာကျော်
### အသက် (၄၄) နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး နေဝင်းထွန်း၏ဇနီး ဒေါ်အိသန္တာကျော်သည် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

**အာနိသ**

**ကြီးမြန်**
**သစ်ပင်**
**စိုက်ပျိုး**
**လျှင်**
**စွမ်းအင်**
**လည်း**
**ရ**
**ပြည်**
**လည်း**
**လှ**

## ဒေါ်စီစီ
### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၉)၊ A1–B3၊ ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေ ဦးကြောင်စွေ့–ဒေါ်ကျင်မွှားတို့၏သမီး၊ ဦးတင်ထွဋ်အောင် (အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)–ဒေါ်သန်းသန်းအေး၊ ဦးစိုးမင်းအောင်–ဒေါ်စန္ဒာကြည်မောင်တို့၏မိခင်၊ ဦးမျိုးဇော်အောင်–ဒေါ်ယဉ်ဝေဝေထွန်း၊ Capt:ကောင်းမြတ်သူ–ဒေါ်မြတ်ဆုမွန်အောင်၊ Capt: ထက်အောင်ရှိုင်း–ဒေါ်လဲ့လဲ့လှိုင်၊ မမေစန္ဒီကျော်တို့၏အဘွား၊ မောင်မင်းခန့်အောင်၊ မရွှန်းလရောင်အောင်၊ မခေတ်ကြယ်စင်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)
## နာယကကြီး ဦးစိုးမြင့် (ရေကြည်)
### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ အမှတ်(၁၆၂/A)၊ ပထမထပ်နေ ဒေါ်နှင်းကြည်၏ခင်ပွန်း၊ မသန်းသန်းစိုး၊ ကိုဟန်စိုးတို့၏ ဖခင်သည် ၁၈–၇–၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်လှလှ (သာယာဝတီ)
### အသက် (၇၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ အမှတ်(၁၁)၊ ဗိုလ်မြဒင်လမ်းနေ (ဦးငွေသိန်း–ဒေါ်လှတင်)တို့၏သမီး၊ ဦးလှအေး၏ဇနီး၊ မသင်းနွယ်စိုး(Uniteam Global Business Services Co.,Ltd)၊ ဗိုလ်မှူးရဲလင်းထွဋ်၏မိခင် ဒေါ်လှလှသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (မော်လမြိုင်)
### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (စီ–ဘလောက်)အင်ကြင်းလမ်း၊ တိုက်(၃၃)၊ အခန်း(၂၀၃)နေ (ဦးအောင်မြင့်–ဒေါ်ထွေးစိန်)တို့၏သား၊ ဒေါ်ခင်အေးဆွေ(တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ ဦးဝဏ္ဏထွန်း–ဒေါ်ခင်ငြိမ်းချမ်းအေး၊ ကိုသက်ပိုင်အေးတို့၏ မွေးသဖခင်သည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၇–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ရေကန် အမကြီး
## ဒေါ်ခင်ခင်အေး (ခ) လင်ပိုးခိန်း
**အလယ်တန်းပြဆရာမ(ငြိမ်း)၊ အလက(၁) လသာ၊ အထက(၁) ဒဂုံ**
### အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ (၁၈)လမ်း (အထက်)လမ်း၊ အမှတ်(၁၃၆)၊ အခန်း(၃၀၅)နေ ဦးပြုံးချို၏ ချစ်လှစွာသောဇနီး၊ (ဦးတင်အောင်)–ဒေါ်အေးအေးကြည်၊ ဦးမြင့်အောင်–ဒေါ်ခင်ရွှေ(စင်ကာပူ)၊ ဦးစိုးအောင်–ဒေါ်ခင်မာချို၊ (ဦးကျင်သိန်း)–ဒေါ်ကြည်ကြည်အေး၊ ဦးကျော်အောင်–ဒေါ်Lလင်းကျော်(စင်ကာပူ)၊ ဦးစိန်သန်း–ဒေါ်သန်းသန်းအေးတို့၏ချစ်လှစွာသောညီမထွေး၊ Dr.အောင်ခိုင်ဖြိုး(ခေတ္တ–USA)– Dr. ယဉ်ယဉ်ပြုံး၊ Dr. မေသင်းနိုင်တို့၏ချစ်လှစွာသောမိခင်ကြီးသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၇–၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီ
### အသက် (၉၆) နှစ်

ဦးတင်ထွဋ်အောင် (အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)–ဒေါ်သန်းသန်းအေးတို့၏ မိခင်ကြီး ဒေါ်စီစီ အသက် (၉၆) နှစ်သည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၀၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထုတ်လုပ်ရေးဌာန မိသားစု**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(၃၁၃)၊ ဧရိယာ(၀.၀၂၈)ဧက (၂၅'x၅၀')၊ မြေကွက် တည်နေရာအမှတ်(၂၃)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်အမီနာ (CF–၀၀၅၄၉၈)၊ အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား တရားလို ဒေါ်မို့မို့သင်းမှ တရားပြိုင် ဒေါ်အမီနာအပေါ် ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၃ ဖြင့် မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆို ရာ(၃၀–၉–၂၀၁၄)ရက်စွဲပါ အနိုင်ဒီကရီ၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်–၄၁၈၏ တရားရုံး နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းကြည် (သုံးခွ)
### အသက် (၉၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ မုဒိတာကျေးရွာနေ (ဦးဖိုးရွှေ–ဒေါ်စောခင်)တို့၏ သား၊ ခရမ်းမြို့နေ (ဦးမိုးသီး–ဒေါ်သောင်းရှင်)တို့၏သားသမက်၊ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးစိန်အေး–ဒေါ်သန်းသန်းမြင့်၊ ဒေါ်ပြုံးပြုံးမြင့်၊ ဦးအောင်စိုး–ဒေါ်မြင့်မြင့်ထွန်း၊ (ဒေါ်တင်တင်မြင့်)၊ ဦးမြင့်နိုင်–ဒေါ်မြင့်မြင့်သန်း၊ (ဦးသက်နိုင်)–ဒေါ်သီတာဦးတို့၏ မွေးသဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘိုးသည် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၃–၇–၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မုဒိတာကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅–၇–၂၀၂၀ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဝေ(အလုံ)
ကူရှင်ကျောင်းသားဟောင်း
### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဦးလူကလေးလမ်း၊ အမှတ်(၂၇–B)နေ (ဦးဒန်ဂါး–ဒေါ်ခင်နု)တို့၏ သား၊ (ဦးတင်ဖေ)–ဒေါ်ကျင်လှတို့၏သားသမက်၊ (ဒေါ်အမာ)၊ (ဦးလှရွှေ)တို့၏ ညီ/မောင်၊ ဒေါ်ခင်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကို (Hilton Mandalay)၊ ဒေါ်မူမူ (လက်ထောက်ကထိက၊ ဆေး–၁)၊ ဦးညီညီ (YKKO Group of Companies Limited)–Mrs.Kristine Nyiတို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်ညီသစ်(Ilsy)၊ မောင်ညီထွဋ်(Ilsy)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂–၇–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆–၇–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တရားလွှတ်တော်ရှေ့နေကြီး
## ဦးကျော်စိုး (ခ) ဦးဝီလျံကျော်စိုး (စကုမြို့)
### အသက် (၇၇) နှစ်

စကုမြို့၊ ဖောင်တန်းရပ်နေ ဒေါ်မော်လီ(ခ)ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ကိုဇေယျာကျော်စိုး၊ ကိုဗညားကျော်စိုး၊ မဂျူးဂျူးကျော်စိုး၊ မခင်နှင်းရည်စိုးတို့၏ဖခင်ကြီး၊ မောင်သန့်ဇင်စိုး၊ မခိုင်ငြိမ်းဇေယျာ၊ မောင်ခန့်ဇေဇေတို့၏ ဘိုးဘိုးကြီး တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်စိုး(ခ)ဦးဝီလျံကျော်စိုးသည် ၂၀–၇–၂၀၂၀ ရက် နံနက် ၅ နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် စကုမြို့၊ ရွှေကျမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရီ
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ(၁၉)လမ်း၊ အမှတ်(၆၃၅/က)နေ (ဦးထွန်းကြည်–ဒေါ်အေးသိန်း)တို့၏သမီး၊ ဒေါက်တာ ငွေးအောင်–ဒေါ်စန္ဒာဝင်း(ထင်ပေါ်စာပေ)၊ ဦးစိုးပိုင်–ဒေါ်ခင်မျိုးသိန်း(ဝင်းကြည်ဘရားသား အပ်ချုပ်လုပ်ငန်း)၊ ဦးဝင်းမြင့်–ဒေါ်တင်ငွေးရီ(ရွှေစပါယ်အထက်ဆင်လုပ်ငန်း)တို့၏ အစ်မ၊ (ဦးစံအောင်)၏ ချစ်လှစွာသောဇနီး၊ ကိုဝင်းမွန်(ခ)ကိုလင်းမောင်–မနီလာအောင်၊ ကိုခန့်စိုးကျော်–မဆွေဆွေမွန်တို့၏ ချစ်လှစွာသောမိခင်၊ မချောရည်မွန်ခင်၊ မသံစဉ်ချို၊ မမေဖူးခင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉–၇–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၇–၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅–၇–၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းနိုင်
### အသက် (၆၆) နှစ်

ကျိုက်လတ်မြို့နေ (ဦးစု–ဒေါ်ကြည်)တို့၏သား၊ ဦးမြသိန်း–(ဒေါ်ကြူကြူထွေး)တို့၏ သားသမက်၊ ဒေါ်အေးကျင်၊ ဦးသန်းရွှေ–Rodica၊ (ဦးထွန်းဦး)–ဒေါ်မာမာဝင်း၊ (ဦးထွန်းလင်း)–ဒေါ်မို့မို့၊ ဦးထွန်းဝင်း–ဒေါ်ခင်စန်းရီ၊ ဦးထွန်းမင်း–ဒေါ်ခင်စန်းယု၊ (ဦးမောင်မောင်မြင့်)–ဒေါ်ညိုညိုမြင့်တို့၏ ညီ/မောင်၊ ဒေါ်ကြူကြူခင်၊ ဦးနိုင်အောင်လင်း–ဒေါ်ခင်လေးချိုတို့၏ အစ်ကို၊ ဒေါ်ခင်ခင်လေး၏ခင်ပွန်း၊ မသင်းနန္ဒာမင်းနိုင်၊ မထက်သဇ္ဇာမင်းနိုင်၊ မဖူးပွင့်ကြည်ဖြူတို့၏မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ၁၆ ယောက်တို့၏ ဦးလေးသည် ၂၀–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၃၆ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၇–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆–၇–၂၀၂၀ (တနင်္ဂနွေနေ့)တွင် အမှတ်(၅၂၃)၊ ဗိုလ်လရောင်လမ်း၊ (၃၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်းပျက်စီးမှုနှင့် ကယ်ဆယ်ရေးစခန်းများ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်းပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လမ်းညွှန်မှာကြားပြီး ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့အားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒေါက်တာဝင်းမြတ်အေး၊ စီမံခန့်ခွဲမှုကော်မတီဝင် ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ အမရပူရမြို့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွှေဂဲရေထိန်းတံခါးအနီး တာရိုးကျိုးပေါက်မှုအား စက်ယန္တရားများဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# သြစတြေးလျ၊ နယူးဇီလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့တွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၀ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၁၃၄ ဦးတို့အား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဆစ်ဒနီ-ဘာလီ-ရန်ကုန်ခရီးစဉ်အတိုင်း ပြေးဆွဲလျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကင်ဘာရာမြို့နှင့် ဂျကာတာမြို့ရှိ မြန်မာသံရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယနေ့ည ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍



စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

ပညာရေးဝန်ထမ်းနှစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် အနောက်ဆူမားတြားရှိ စာသင်ကျောင်းများ ပြန်လည်ပိတ်ခဲ့ရ

စာမျက်နှာ » ၁၂

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံနေ

စာမျက်နှာ » ၂၆

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် စီစဉ်ထား

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ပြန်လည်ကစားရမည်ဖြစ်ပြီး နိုဝင်ဘာ ပထမပတ်တွင် ခြေစမ်းပွဲကစားရန် စီစဉ်ထားခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကာလအတွင်း ခြေစမ်းပွဲကစားရန် အာရှဒေသတွင်းအသင်းများကို ဖိတ်ကြားမှုများ ပြုလုပ်ခဲ့ရာ ဂျော်ဒန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားသည်။

သို့သော် ယင်းခြေစမ်းပွဲမှာ မြန်မာနိုင်ငံတွင် ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပခွင့်ရမှသာ ကစားနိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

ရှိုင်းထက်ဇော်